မူဝါဒစာတမ်း အနှစ်ချုပ်
၂၀၁၈ မတ်လ

Natural Resource Governance Institute

# ရှုထောင့်စုံမှ လေ့လာခြင်း – မြန်မာ့ပတ္တမြားလုပ်ငန်း စီမံမှုနှင့် ပဋိပက္ခ ဖြစ်ပေါ်နိုင်မှု

ပြုစုသူ – Mia Newman

## အကျဉ်းချုပ်

‘‘မြန်မာ့ပတ္တမြား’’သည် ကမ္ဘာတွင် ထင်ရှားသည်။ နိုင်ငံတကာဈေးကွက်တွင် စံချိန်တင် ဈေးနှုန်းများဖြင့် ရောင်းဝယ်ကြသည်။ သို့သော်လည်း ပတ္တမြားမှ ရရှိသည့် ငွေအနည်းငယ်သာ နိုင်ငံတော် ဘတ်ဂျက် စာရင်းသို့ ဝင်ပါသည်။ ကျောက်မျက်ကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ဆွေးနွေးမှုများ ပြုလုပ်ရာတွင် လည်း ကျောက်စိမ်းကဏ္ဍကိုသာ အဓိက ထားကြသည်။ ပတ္တမြားလုပ်ငန်း၏ နိုင်ငံစီးပွားရေးအတွက် အထောက်အကူပြုနိုင်မှုကို သတိပြုမိသူ အနည်းငယ်သာ ရှိသည်။ ယခုစာတမ်းငယ်သည် ပတ္တမြား လုပ်ငန်းနှင့်ဆိုင်သည့် အချက်အလက်များကို စုစည်းထားပေးပါသည်။ ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲ ရေး ဆောင်ရွက်ရာတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများကို ချိတ်ဆက်ဖော်ပြထားပေးသည်။ ကျောက် မျက်များ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ရရှိလာသည့် ဝင်ငွေများကို ပဋိပက္ခမဖြစ်စေပဲ စီမံနိုင်ရေး ဆွေး နွေးမှုများတွင် အထောက်အကူ ဖြစ်စေရန်လည်း ရည်ရွယ်ပါသည်။

အခန်း ၁ တွင် ပတ္တမြား အဓိကထုတ်လုပ်သည့် နေရာဖြစ်သော မိုးကုတ်နှင့် မိုင်းရှူး အချက်အလက်များကို အကျဉ်းချုပ် စုစည်းဖော်ပြထားပါသည်။ အခန်း ၂ တွင် မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာများ စီမံပုံ အဆင့်ဆင့်ကို အတိုချုပ် ဖော်ပြထားပါသည်။ အခွန်ကောက်ခြင်း၊ နိုင်ငံပိုင် လုပ်ငန်းဖြစ်သော မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ အခန်းကဏ္ဍ၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းအဆင့်များ အပါအဝင် လုပ်ငန်းဆောင်ရွက်ပုံကို ဖော်ပြထားပါသည်။ အခန်း ၃ တွင် ပတ္တမြားလုပ်ငန်းတွင် စစ်တပ် နှင့် လက်နက်ကိုင် အဖွဲ့အစည်းများက ပါဝင်ပတ်သက်မှု၊ တွင်း ပိုင်ဆိုင်မှု၊ အပစ်အခတ် ရပ်စဲရေးနှင့် လုပ်ကွက်လဲလှယ်ခြင်း၊ အခြား ချုပ်ကိုင်လွှမ်းမိုးမှုပုံစံ အစရှိသည်တို့ကို ဖော်ပြထားပါသည်။ မြန်မာ့ ပတ္တမြားလုပ်ငန်း နှင့် ကျောက်စိမ်းလုပ်ငန်းကြား တူညီမှု သို့မဟုတ် ကွဲပြားမှုများကို နှိုင်းယှဉ်ဖော်ပြထား ပါသည်။ နောက်ဆုံးပိတ် အခန်း ၄ တွင် ဆက်လက်လေ့လာရမည့် ကိစ္စများ၊ မြန်မာနိုင်ငံအနေဖြင့် ဆင်ခြင်ရမည့် ကိစ္စများကို ဖော်ပြထားပါသည်။ လေ့လာမှုများ ဆက်လက်ပြုလုပ်ရန်၊ ပွင့်လင်းမြင်သာမှု အားကောင်းလာစေရန်အတွက် ပံ့ပိုးရန်၊ ဝယ်ယူရာတွင် သိက္ခာကျင့်ဝတ်များ အလေးထားသည့် ဓလေ့ ကို အားပေးရန်၊ ငြိမ်းချမ်းရေး ဆွေးနွေးရာတွင် ပဋိပက္ခကို အားပေးသည့် ကျောက်မျက်များ၊ သဘာဝ သယံဇာတများ၏ အနေအထားကို ထည့်သွင်းရန်၊ အနာဂတ် သဘာဝ သယံဇာတ အကျိုးအမြတ်ခွဲဝေ ပေးမှု၊ လုပ်ပိုင်ခွင့် ခွဲဝေပေးခြင်းတို့ကို ထည့်သွင်းစဉ်းစားရန် တိုက်တွန်းခြင်းများကို ဖော်ပြထားပါသည်။

## မိတ်ဆက် – နောက်ခံအခြေအနေအကျင်း၊ တွန်းအားပေးသည့် အကြောင်းတရားများ

မြန်မာနိုင်ငံသည် ၎င်း၏ ပတ္တမြားကြောင့် ကျော်ကြားသည်။ ‘‘ဗမာ့ပတ္တမြား’’ အမည်သည်ပင် အရည် အသွေး အမြင့်ဆုံး ပတ္တမြားများကို ရည်ညွှန်းသည့် စကားလုံးဖြစ်သည်။ ၂၀၀၇ ခုနှစ် ခန့်မှန်းချက်အရ

မာတိကာ

အကျဉ်းချုပ် .............. ၁
မိတ်ဆက် – နောက်ခံအခင်းအကျင်း၊ တွန်းအားပေးသည့် အကြောင်းတရားများ ....................... ၁
၁။ မြန်မာ့ပတ္တမြားလုပ်ငန်းတွင် အဓိကကျသည့် နေရာများ – မိုးကုတ်နှင့် မိုင်းရှူး ..................... ၃
၂။ မြန်မာနိုင်ငံ၏ ကျောက်မျက်စီမံမှု ...... ၆
၃။ မြန်မာ့ပတ္တမြားလုပ်ငန်း – သဘာဝ သယံဇာတနှင့် ပဋိပက္ခ ................... ၉
၄။ ထည့်သွင်းစဉ်းစားရမည့် အချက်များ ............. ၁၈
ကျမ်းကိုးစာရင်း ....... ၂၂

ကမ္ဘာ့ဈေးကွက်မှ ပတ္တမြား ၉၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှ ဖြစ်သည်။[၁] ပြိုင်ဘက်အနေဖြင့် မိုဇမ်ဘစ်နိုင်ငံ ထွက်ပေါ်လာခဲ့သည့်တိုင်အောင် မြန်မာသည် ထိပ်ဆုံးတွင် ရပ်တည်ဆဲဖြစ်သည်။ နိုင်ငံတကာ လေလံပွဲများတွင် မြန်မာ့ပတ္တမြားများသည် စံချိန်တင် ဈေးနှုန်းများဖြင့် ရောင်းချရသော်လည်း မြန်မာနိုင်ငံသားများမှာ ပတ္တမြားအမှီပြု၍ ရလာသည့် အကျိုးအမြတ် အနည်းငယ်ကိုသာ ရရှိခံစားကြရသည်။[၂] ထိုက်သင့်သလောက် အကျိုးမခံစားရခြင်း၏ အကြောင်းရင်းများတွင် – • အကျင့်ပျက် လာဘ်စားခြင်းနှင့် ခရိုနီဝါဒ အလွန်အားကောင်းစွာ ဖြစ်ထွန်းနေခြင်း၏ စုပေါင်း သက်ရောက်မှုများ၊ • မှောင်ခိုလမ်းကြောင်း၊ ပုဂ္ဂိုလ်ရေး အခြေပြုသည့် လုပ်ငန်း သဘောသဘာဝ၊ • တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် ကျွမ်းကျင်မှု မရှိခြင်း၊ • စည်းကမ်းသတ်မှတ်ချက်များ မရှိခြင်း သို့မဟုတ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည့် စည်းကမ်းများကို အခြေပြုသည့် မူဝါဒများ ပါဝင်သည်။

မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် တိုးတက်ပြောင်းလဲမှုများက မြန်မာ့ပတ္တမြား လုပ်ငန်းအတွက် အခွင့်အလမ်း အသစ်များ ပေါ်ပေါက်စေခဲ့သည်။ စစ်တပ်၊ အစိုးရတို့နှင့် ချိတ်ဆက်နေသည် ဖြစ်သောကြောင့် မြန်မာ့ကျောက်စိမ်းနှင့် ရတနာများကို အမေရိကန်က ၁၃ နှစ်ကြာ ပိတ်ပင်ထားခဲ့သည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ပိတ်ပင်ထားမှုများကို ဖယ်ရှားခဲ့သည်။ ဒီမိုကရေစီ အစိုးရသစ်သည် ကဏ္ဍပြုပြင်ပြောင်းလဲရေး လုပ်ရန် စီစဉ်နေသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း နိုင်ငံတွင်း လက်ဝတ်ရတနာ ဈေးကွက် ဖော်ဆောင်ရန် စိတ်အားထက်သန်နေသည်။ ထို့ပြင် မြန်မာ့ကျောက်မျက်လုပ်ငန်းသည် ကျောက်စိမ်းလုပ်ငန်းနှင့် ယှဉ်လျှင် စောင့်ကြည့်ခံရမှု လျော့နည်းသည်။ ကျောက်စိမ်းကဏ္ဍတွင်မူ ပဋိပက္ခနှင့် သက်ဆိုင်သူများ၊ တရုတ် အကျိုးစီးပွားများ၊ အဓိက လုပ်ငန်းရှင်ကြီးများကို လူသိရှင်ကြား ထုတ်ဖော်ထားသည်။

ပတ္တမြားကဏ္ဍတွင်လည်း အခက်အခဲများ မရှိသည်တော့ မဟုတ်ပါ။ အခွန်ရှောင်ခြင်း အလွန် ခေတ်စားသည်။ မြန်မာ့ကျောက်မျက် ထုတ်လုပ်မှု ၆၀ မှ ၈၀ ရာခိုင်နှုန်းကို တရားဝင် ကြေညာလေ့မရှိဟု ခန့်မှန်းချက်တစ်ခုက ဖော်ပြထားသည်။ တူးဖော်မှုများ ပြုလုပ်ရာတွင် စက်ယန္တရား အသုံးပြုမှုမှာ များသထက် များလာသော်လည်း၊ အစိုးရ၏ စောင့်ကြည့်မှုမှာ အားနည်းပြီး ထိရောက်မှုမရှိသဖြင့် ပတ်ဝန်းကျင် ပျက်စီးမှုများ၊ အခြားနစ်နာမှုများ ကြုံတွေ့နေရသည်။[၃] ယင်းကဲ့သို့သော အခက်အခဲများကြောင့် နိုင်ငံတကာ လုပ်ငန်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာများကို တာဝန်သိ၊ သိက္ခာရှိစွာ ဝယ်ယူနိုင်ရန် အခက်အခဲများ ဖြစ်ပေါ်နေရသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ ယင်းတို့အနက် သဘာဝသယံဇာတ ထိန်းချုပ်လိုမှုကြောင့် ဖြစ်ရသည့် စစ်ပွဲအချို့လည်း ရှိသည်။ စစ်တပ်သည် ပတ္တမြားလုပ်ငန်းမှ အကျိုးအမြတ်များ ရရှိသည်။ အခြား လက်နက်ကိုင်များသည်လည်း ပတ္တမြားလုပ်ငန်းနှင့် အထင်အရှား၊ မထင်မရှား နောက်ကွယ်မှ ချိတ်ဆက်မှုများ ရှိနေကြသည်။ ကျောက်စိမ်းလုပ်ငန်းတွင် တွေ့ရှိရသည့် အစုအဖွဲ့များ၊ အခင်းအကျင်းများကို ပတ္တမြားလုပ်ငန်းတွင်လည်း အလားတူ တွေ့ရှိရသည်။ (စာမျက်နှာ ၁၃ တွင် ပုံပြထားပါသည်။) သို့သော်လည်း လက်ရှိ ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် ကျောက်မျက် စီမံမှုကို ထည့်သွင်း ဆွေးနွေးမှု မရှိပါ။ မြန်မာနိုင်ငံသားများသည် သဘာဝ သယံဇာတ အကျိုးအမြတ်များကို ခံစားထိုက်သူများ ဖြစ်သည်။ ကံမကောင်းစွာပင် ပတ္တမြားလုပ်ငန်းမှ အကျိုးအမြတ် အများစုကို လက်နက်ကိုင်၊ အာဏာရှိ လူတစ်စုကသာ ရရှိနေကြသည်။ ယခုစာတမ်းသည် ပတ္တမြားလုပ်ငန်းနှင့်ဆိုင်သည့် အချက်အလက်များကို စုစည်း၊ ငြိမ်းချမ်းရေး၊ ပြုပြင်ပြောင်းလဲရေးနှင့် ချိတ်ဆက်မှုများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။ ကျောက်စိမ်း အရောင်းအဝယ်နှင့် ရရှိလာသည့် ဝင်ငွေများကို ပဋိပက္ခ မဖြစ်ပဲ စီမံခြင်းနှင့်ဆိုင်သည့် ဆွေးနွေးမှု ဘောင်ကျယ်လာစေရန်၊ မြန်မာနိုင်ငံမှ သယံဇာတများကို အချောင်ဈေးဖြင့် ဝယ်ယူခြင်းမဟုတ်ပဲ၊ တာဝန်သိ သိက္ခာရှိစွာ ဝယ်ယူမှုများ ပေါ်ပေါက်လာစေရန် ဆွေးနွေးမှုများ အကျယ်အပြန့် ဖြစ်ပေါ်လာစေရန်လည်း ရည်ရွယ်ပါသည်။

၁ Russell Shor and Robert Weldon, “Ruby and Sapphire Production and Distribution: A Quarter Century of Change,” *Gems & Gemology* 45, no. 4 (Winter 2009): 239.

၂ Emma Irwin, *MEITI Gemstone Sector Review* (World Bank, 2016), 42.

၃ Irwin, MEITI Gemstone Sector Review, 7 and 45–47.

**သုတေသန ပြုစုပုံ မှတ်စု (Methodology note)** နောက်ခံအချက်အလက်များအတွက် အများ ပြည်သူ သိသာစေရန် ဖြန့်ဝေထားသော အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသည့် သုတေသနများ၊ Extractive Industries Transparency Initiative (EITI) အစီရင်ခံစာ အချက်အလက်များ၊ အစိုးရ အချက်အလက်များ၊ စတိတ်ဟိုဒါများကို ရန်ကုန်မှ မေးမြန်းချက်များပေါ်တွင် အခြေခံထား ပါသည်။ မြန်မာနိုင်ငံ၏ ကျောက်မျက်ကဏ္ဍ သို့မဟုတ် ကာလရှည် ဖြစ်နေသည့် ပဋိပက္ခ၏ အရှုပ်တော်ပုံများကို စာတမ်းငယ်လေးဖြင့် ပြည့်စုံအောင် တင်ပြနိုင်မည်မဟုတ်ပါ။ ကဏ္ဍဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ စိစစ်ထားပြီးသည့် အချက်အလက်များမှာလည်း ရှားပါးလှသည်။ ယခုစာတမ်းငယ်သည် နောက်ထပ်လေ့လာမှုများအတွက် လမ်းကြောင်းထွင်ပေးရန်အတွက် ရည် ရွယ်သည့် စာတမ်း ဖြစ်ပါသည်။ ပတ္တမြားကို အဓိကထား လေ့လာသည့် သုတေသနများသည် ပတ္တမြား၏ ကျော်ကြားမှု အရှိန်ဖြင့် တန်ဖိုးမြင့်နေပါသည်။ ယင်း အခြေအနေများကို ကချင်ပြည် နယ်မှ ပယင်းနှင့် ခရမ်းစွဲ သို့မဟုတ် မိုးကုတ်ကျောက်များကဲ့သို့သော မြန်မာနိုင်ငံ၏ အခြားသော အဆင့်မြင့် ကျောက်မျက်ရတနာများတွင်လည်း တွေ့ရှိနိုင်ပါသည်။

## ၁။ မြန်မာ့ပတ္တမြားလုပ်ငန်းတွင် အဓိကကျသည့် နေရာများ – မိုးကုတ် နှင့် မိုင်းရှူး

### မိုးကုတ်

မိုးကုတ်ပတ္တမြားများကြောင့် မြန်မာနိုင်ငံသည် နာမည်ကျော်သည်။ တောက်ပသည့် အနီရင့် ခိုသွေး အရောင်ကြောင့် ဗမာ့ပတ္တမြားသည် နာမည်ကျော်သည်။ မိုးကုတ်တောင်တန်းများတွင် အခြား အရည် အသွေးမြင့် ကျောက်မျက်များကိုလည်း တွေ့ရှိရသည်။ ပြောင်ခေါင်းစိမ်း၊ အညှံ့ပန်း၊ နီလာများ ထွက်ရှိ သည်။ သို့သော်လည်း ပတ္တမြားသည် နာမည်အကြီးဆုံးဖြစ်သည်။ ၂၀၀၉ ခုနှစ် Christie လေလံပွဲများ တွင် တကာရက် ဒေါ်လာ ၅ သောင်းကျော် ရသည့် ပတ္တမြား ၉၀ ရာခိုင်နှုန်းသည် မိုးကုတ်ထွက်များ ဖြစ်သည်။[၄] မိုးကုတ်သည် မန္တလေးတိုင်းဒေသကြီး ပါဝင်သည်။ ရှမ်းပြည်နယ်မှ ခွဲထွက်၍ မန္တလေး အုပ်ချုပ်မှုအောက်ကို ထည့်သွင်းခဲ့သည့် နယ်မြေဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်း၏ အစိတ်အပိုင်း တစ်ခုအဖြစ် အုပ်ချုပ်ခံနေရသော်လည်း မန္တလေးတိုင်း၏ အခြားဒေသများကဲ့သို့ ဗမာ အများစု မဟုတ်ပဲ[၅] ရှမ်းပြည်နယ်တွင်းရှိ တိုင်းရင်းသားလူမျိုးစု အများအပြား နေထိုင်ကြသည်။ စစ် အစိုးရ အနေဖြင့်လည်း ဆန့်ကျင်မှုပေါင်းများစွာ တွေ့ကြုံခဲ့ရသည်။[၆] မြို့အဝင်အထွက်ကို တင်းကျပ် ကန့်သတ်ခဲ့သည်။ နိုင်ငံခြားသားများ ဝင်ရောက်လိုပါက အစိုးရခွင့်ပြုချက် လိုအပ်ဆဲဖြစ်သည်။

၄ ပတ္တမြား ၁၅၀ အနက် ၁၂ လုံးသည် ဒေါ်လာ ၅ သောင်းကျော်သည်။ Shor and Weldon, "Ruby and Sapphire Production and Distribution," 239.

၅ Richard Hughes, "World Sources: Burmese Ruby & Sapphire | Pt. 4," *Ruby & Sapphire*, last modified 7 March 2013, http://www.ruby-sapphire.com/r-s-bk-burma4.htm.

၆ မိုးကုတ် ဒေသခံများနှင့် မေးမြန်းမှုများ


မိုးကုတ်
မိုင်းရှူး
မန္တလေး
ရှမ်းပြည်နယ်
နေပြည်တော်
ရန်ကုန်
ကပ္ပလီပင်လယ်အော်
0 50 100 150 200 250 300 350 400 KM

ပုံ ၁။ မြန်မာနိုင်ငံ မြေပုံ

မိုးကုတ်တွင် အသေးစား ကျောက်မျက်တူးဖော်မှုများ ပြုလုပ်ခဲ့သည်မှာ ရာစုနှစ် ချီနေပြီ ဖြစ်သည်။ မကြာသေးသည့် ဆယ်စုနှစ်များအတွင်း ကုမ္ပဏီကြီးများ ရောက်ရှိလာခြင်းကြောင့် စက်ပစ္စည်း အသုံးပြုမှု မြင့်တက်လာသည်။ အထူးသဖြင့် အပေါ်ယံလွှာမှ ပတ္တမြား ကုန်သလောက် ဖြစ်လာပြီး၊ ကျောက်လွှာများရှိ ပတ္တမြားများကို ထုတ်ယူရန် တွင်းနက်များ တူးဖော်ရခြင်းကြောင့် ဖြစ်သည်။ အများအားဖြင့် ရွှေ့ပြောင်းလုပ်သားများ ဖြစ်ကြသည့် တွင်းလုပ်သားများကို ကုမ္ပဏီများက ငှားရမ်းသည်။ လစာ သို့မဟုတ် ပတ္တမြားရရှိမှုအပေါ် ရှယ်ယာခွဲဝေပေးသည်။ ကုမ္ပဏီမြေစာပုံတွင် ဝင်ရောက်ရှာဖွေသည့် ပုံကျများလည်း ရှိသည်။ ကျောက်ကောက်သူများ သို့မဟုတ် ကနားစီးများဟု သုံးနှုန်းသည်။ ယခင် အစဉ်အလာအရ ကနားစီးများသည် မိန်းမနှင့် ကလေးငယ်များသာ ဖြစ်သော်လည်း အလုပ်အကိုင်ရှားပါးသဖြင့် အမျိုးသားများသည်လည်း[၇] ယင်းကဲ့သို့ ပုံကျ ကျောက်ကောက်ခြင်း၊ အငြင်းပွားဖွယ်ရာ လုပ်ငန်းများတွင် ပါဝင်လာကြသည်။ ၂၀၁၆ ဇူလိုင်တွင် လိုင်စင်သက်တမ်းတိုးခြင်းကို ရပ်ဆိုင်းလိုက်သဖြင့် ဒေသခံ တူးဖော်သူ အများစုမှာ ပုံကျ တူးဖော်ခြင်းသို့ ရောက်ရှိလာသည်။ တွင်းပိုင်ရှင် အများစုကမူ ပုံကျများသည် ၎င်းတို့၏ ကျောက်များကို ခိုးယူသူများဖြစ်သည်ဟု ယူဆကြသည်။[၈]

မိုးကုတ်ပတ္တမြားနှင့် အခြားကျောက်မျက်ရတနာများကို ဒေသတွင်း ဈေးကွက်များတွင် ယုံကြည်ရသည့် ကုန်သည် အချိတ်အဆက်များဖြင့် ရောင်းဝယ်ကြသည်ဖြစ်သောကြောင့် ပတ္တမြား ထွက်ရှိရာ နေရာကို ခြေရာခံရာတွင် ရှုပ်ထွေးမှုများကို ဖြစ်စေသည်။ ကုန်သည်များသည် နေ့စဉ် ကျောက်ဝိုင်းတွင် ပွဲစားများ ကောက်လာသည့် ကျောက်များကို ဈေးပေးဝယ်ယူကြသည်။ မိုးကုတ် သို့မဟုတ် ရန်ကုန် သို့မဟုတ် ပြည်ပရှိ လက်ဝတ်ရတနာ ပြုလုပ်သူများသို့ မပို့မီ မိုးကုတ်တွင် ကျောက်ဖြတ်၊ ကျောက်သွေးခြင်းများကို ဆောင်ရွက်ကြလေ့ရှိသည်။[၉] မြန်မာနိုင်ငံရှိ ကျောက်ဖြတ်၊ ကျောက်သွေးလုပ်ငန်းသည် နိုင်ငံတကာ စံချိန်စံညွှန်းများကဲ့သို့ ဖြတ်တောက် အရောင်တင်နိုင်ခြင်း မရှိဟု သတ်မှတ်ထားကြသည်။ ထို့ကြောင့် အချို့သော ကျောက်များကို ပြည်ပပို့ပြီးမှ တဖန် ဖြတ်တောက်ကြသည်။ အရည်အသွေးကောင်းသည့် ကျောက်မျက်ရတနာများကို အများသိသည့် ဈေးကွက်သို့ ရောင်းချလေ့မရှိပဲ၊ တွင်းပိုင်ရှင်က ယုံကြည်သည့် ပွဲစားများ၊ အဆက်အသွယ်များဖြင့် ရောင်းချလေ့ရှိသည်။[၁၀]

မိုးကုတ်ကျောက်များအတွက် အဓိကကျသည့် နိုင်ငံတကာဈေးကွက်သည် ထိုင်း၊ တရုတ်၊ အထူးသဖြင့် ဟောင်ကောင်ဖြစ်သည်။ ယင်းဈေးကွက်မှတဆင့် ပတ္တမြားများသည် နိုင်ငံတကာ ဈေးကွက်သို့ဝင်သည်။ လုပ်ငန်းရှင်များ ခန့်မှန်းချက်အရ နယူးယောက်ဈေးကွက်သို့ အဓိက ရောင်းချသည်ဟု သိရသည်။[၁၁] အိန္ဒိယသည်လည်း မြန်မာ့ပတ္တမြား အဓိကဝယ်ယူသည့် နိုင်ငံဖြစ်သည်။ အထူးသဖြင့် မိုးကုတ်ကျောက်များ ဝယ်ယူသည်။ အရည်အသွေးနိမ့်သည့် ကျောက်များကို ပမာဏ အများအပြား ဝယ်ယူသည်။[၁၂]

## မိုင်းရှူး

လူသိနည်းပြီး အရည်အသွေးနိမ့် ကျောက် အများအပြား ထွက်သည့် ရှမ်းပြည်နယ်တွင်းမှ ဒေသဖြစ်သည်။[၁၃] ၁၉၉၀ နှစ်များတွင် မိုးကုတ်၌ ကျောက်တွင်းလုပ်ကိုင်သူတစ်ဦးက ချောင်းအတွင်း ရေချိုးနေစဉ် မြစ်ကျောက်များနှင့် ရောထွေးနေသည့် ပတ္တမြား အရိုင်းတုံးများကို တွေ့ရှိခဲ့ရာမှ တူးဖော်မှုများ စတင်ခဲ့ကြောင်း ဒေသခံများက ပြောသည်။[၁၄] ထို့နောက်တွင်တော့ ကမ္ဘာ့ပတ္တမြားဈေးကွက်အတွက် ပတ္တမြား အများအပြား ထုတ်လုပ်ရာဒေသတစ်ခု ဖြစ်လာခဲ့သည်။ အထူးသဖြင့် ကျောက်အငယ်များ (၃ ကာရက်

---

၇ Irwin, *MEITI Gemstone Sector Review*, 78.

၈ ၂၀၁၇ ဇူလိုင်၊ ပတ္တမြားလုပ်ငန်းရှင်နှင့် မေးမြန်းချက်

၉ ၂၀၁၇ ဩဂုတ်၊ မိုးကုတ်မှ လုပ်ငန်းရှင်နှင့် မေးမြန်းချက်

၁၀ Irwin, *MEITI Gemstone Sector Review*, 55 and 48

၁၁ Ibid

၁၂ ၂၀၁၇ ဇူလိုင်၊ မိုးကုတ်ကုန်သည်နှင့် မေးမြန်းချက်

၁၃ အင်္ဂလိပ်စာလုံးပေါင်း မူကွဲ အမျိုးမျိုးရှိသည်။ အချို့က Mongshu ဟု ပေါင်းသည်။ အချို့က Mineshu ဟု ပေါင်းသည်။

၁၄ Hughes, "World Sources: Burmese Ruby & Sapphire | Pt. 4."

အောက်) နှင့် နာမည်ရခဲ့သည်။[၁၅]

မိုးကုတ်ထက်စာလျှင် မိုင်းရှူးအကြောင်း သိသူနည်းသည်။ နှစ်နေရာလုံးတွင် ပဋိပက္ခများ ဖြစ်နေခြင်း (အသေးစိတ်ကို နောက်ပိုင်းတွင် တင်ပြထားပါသည်) နှင့် ထွက်သမျှ ကျောက်အများစု ထိုင်းသို့ ရောက်သွားခြင်းကြောင့် လူသိနည်းကြခြင်းဖြစ်သည်။ မိုင်းရှူးပတ္တမြားသည် မိုးကုတ်ကျောက်များကဲ့သို့ အရည်အသွေးမရှိပဲ၊ လက်ဝတ်ရတနာ မခတ်မီ မီးအပူပေးရန် လိုအပ်သည်။ အရိုင်းတုံး အခြေအနေတွင် အနီရောင်ကျောက်တွင် ခရမ်းရင့်ရောင် စွဲနေသည်။ အလွန်မြင့်မားသည့် အပူတိုက်ပြီးနောက်တွင် အရောင်နှင့် တောက်ပကြည်လင်မှုများ သိသိသာသာ တိုးတက်လာသည်။[၁၆] အပူတိုက် အရောင်တင်ခြင်း အတွက် ထိုင်းသည် စုရပ်ဖြစ်သည်။ ချန်ဘူရီမြို့တွင် အဓိက လုပ်ဆောင်ကြသည်။ မိုင်းရှူးကျောက်များ အဓိက ရောက်သွားသည့် နေရာသည် ထိုင်းနိုင်ငံ ဖြစ်သည်။[၁၇] ၂၀၀၀ ဝန်းကျင်ခုနှစ်များတွင် ချန်ဘူရီရှိ ပတ္တမြား ၉၉ ရာခိုင်နှုန်းသည် မိုင်းရှူးထွက်ပတ္တမြားများ ဖြစ်ကြသည်ဟု ကျွမ်းကျင်သူတစ်ဦးက ခန့်မှန်းထားသည်။[၁၈] မြန်မာပြည်တွင်းရှိ အပူတိုက် အရောင်တင် လုပ်ငန်းများသည် ထိုင်းနိုင်ငံနှင့် ယှဉ်လျှင် ခေတ်နောက်ကျ ကျန်နေခဲ့ပြီ ဖြစ်သည်ဟု မေးမြန်းခဲ့သမျှ လုပ်ငန်းရှင် အားလုံးက ပြောသည်။ မြန်မာနိုင်ငံရှိ ပတ္တမြားကုမ္ပဏီကြီး တစ်ခုက ကိုယ်ပိုင် အပူတိုက် အရောင်တင်စက်ရုံ တည်ထောင်ထားသော်လည်း အခြေအနေအရပ်ရပ်တွင် နောက်ကျနေဆဲ ဖြစ်သည်။[၁၉] ထိုင်းဝယ်လက်များသည် မိုင်းရှူးပတ္တမြားဈေးကွက်၏ တစ်ခုတည်းသော ဝယ်လက်များသဖွယ် ဖြစ်နေသည်ဟု မြန်မာကျောက်မျက်လုပ်ငန်းရှင်များက ပြောပြသည်။[၂၀] ထိုင်းကုန်သည်များသည် မိုင်းရှူးသို့ တိုက်ရိုက်လာပြီး ကျောက်မျက်များဝယ်ယူကာ[၂၁] ရွှေတြိဂံ မူးယစ်လမ်းကြောင်းများမှတဆင့် ပြည်ပသို့ ထုတ်ယူသွားကြသည်။[၂၂] ထိုင်းကုန်သည်များသည် ကျောက်မျက်ပြပွဲသို့ တက်ရောက်ပြီး အရိုင်းတုံးများ ဝယ်ယူကြသည်ဟု ဆိုသူများလည်း ရှိသည်။[၂၃]

## ၂။ မြန်မာနိုင်ငံ၏ ကျောက်မျက်စီမံမှု

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြုံတွေ့နေရသည့် ကျောက်မျက်ကဏ္ဍ စီမံမှု အခက်အခဲများ၊ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများကိုပါ လေ့လာမှ မြန်မာ့ပတ္တမြား ကဏ္ဍတွင် တွေ့နေရသည့် အခက်အခဲများကို အကုန်အစင် နားလည်နိုင်မည် ဖြစ်သည်။ အလွယ်တကူ ခိုးထုတ်နိုင်ခြင်း၊ အကြိုက် နှင့် ကျွမ်းကျင်မှုပေါ်လိုက်၍ ဖြစ်တည်သောကြောင့် ပေါက်ဈေး မှန်းဆရန် ခက်ခဲခြင်းတို့ကြောင့်

၁၅ Richard Hughes and Olivier Galibert, “Mong Hsu Ruby | Flux Healing Treatment,” *Ruby & Sapphire*, last modified 29 January 2014, http://www.ruby-sapphire.com/foreign-affairs.htm.

၁၆ အပူပေးရန် လိုအပ်ခြင်းကြောင့် မိုင်းရှူးပတ္တမြားသည် ကြိုက်ဈေးမတောင်းနိုင်ပဲ ဈေးလျော့သည်။ ရုံဖန်ရုံခါ အပူပေး လုပ်ငန်းစဉ်တွင် မိုင်းရှူးပတ္တမြား အတွင်းသားသို့ ဖန်၊ ဘသမထေ ဖြည့်ခြင်း၊ အနာဖယ်ခြင်းများကိုလည်း ပြုလုပ်သည်ဖြစ်သောကြောင့် စမ်းသပ်တွေ့ရှိပါက အပူပေးပြုပြင်ထားသည့် ကျောက်၏ ဈေးနှုန်းကို သိသိသာသာ ထိခိုက်စေသည်။ ဈေးကွက်အတွင်းမှ ဝယ်ယူသူများအတွက်လည်း အချင်းများစရာ ဖြစ်သည်။ Hughes and Galibert, “Mong Hsu Ruby | Flux Healing Treatment.” ကိုကြည့်ပါ။

၁၇ ရှမ်းပြည်မှ ရွှေ့ပြောင်းသွားသော်လည်း ကျောက်လုပ်ငန်းနှင့် ထိစပ်နေဆဲဖြစ်သည့် ပွဲစားများကြောင့် ဖြစ်နိုင်သည်။ Lehman (Chit Hlaing), “The Central Position of the Shan/Tai as ‘Knowledge Brokers’ in the Inter-Ethnic Network of the China-Burma (Myanmar) Borderlands.” (School of Oriental and African Studies, University of London, 2007), https://eprints.soas.ac.uk/5293/2/10chithlaing-shan_paper.pdf.

၁၈ Hughesand Galibert, “Mong Hsu Ruby | Flux Healing Treatment.”

၁၉ Ruby Dragon Jade & Gems company website: http://www.rubydragongroup.com/gemstones.html.

၂၀ ၂၀၁၇ ဇူလိုင်တွင် ပတ္တမြားလုပ်ငန်းရှင်နှင့် မေးမြန်းချက်

၂၁ Irwin, *MEITI Gemstone Sector Review*, 52.

၂၂ ၂၀၁၇ ဩဂုတ်တွင် အရပ်ဘက်လူ့အဖွဲ့အစည်း စတိတ်ဟိုဒါနှင့် မေးမြန်းချက်

၂၃ ၂၀၁၇ ဩဂုတ်တွင် ပတ္တမြားလုပ်ငန်းရှင်နှင့် မေးမြန်းချက်

ကျောက်မျက်များကို စီမံရာတွင် အခက်အခဲများ ရှိသည်။ ထို့ပြင် ပတ္တမြားသည် အလွန် လွတ်လပ်၍ အချုပ်အချယ် နည်းသည့် ရောင်စုံ ကျောက်မျက်ဈေးကွက်၏ အစိတ်အပိုင်းတစ်ခု ဖြစ်ရာ စိန်ကဲ့သို့ ရောင်းလိုအားထိန်းချုပ်မှု ဆောင်ရွက်ရန် ခက်ခဲသည်။ မိုးကုတ်နှင့် မိုင်းရှူးတွင်လည်း အလားတူပင်ဖြစ်ပြီး ယုံကြည်ရသည့် အချိတ်အဆက်များကို အဓိကထား ရောင်းဝယ်ကြသည်။ အရောင်းအဝယ် စာချုပ်များ မရှိပဲနှင့် ပမာဏ အများအပြားကို အရောင်းအဝယ် ပြုလုပ်ကြသည်။ ကျောက်အရောင်းအဝယ် ပြုလုပ်နေသူများသည် ၎င်းတို့ ဝယ်ယူသည့်နေရာ၊ ၎င်းတို့ အချိတ်အဆက်များကို ဖော်ပြလိုခြင်း မရှိပါ။[၂၄] ကြားခံ အဆင့်ဆင့် ပါဝင်မှုများကြောင့်လည်း မြန်မာ့ရတနာများ နောက်ကြောင်းလိုက်ရာတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေသည်။

ဥပဒေနှင့် စည်းကမ်းများ ရှုပ်ထွေးမှုကြောင့် မြန်မာ့ကျောက်မျက်ကဏ္ဍ စီမံမှု အခက်အခဲသည် ပို၍ ရှုပ်ထွေးနေသည်။ ပတ္တမြားကဏ္ဍနှင့် သက်ဆိုင်မှု အရှိဆုံး ဥပဒေမှာ ကျောက်မျက်ဥပဒေ ဖြစ်သည်။ ၁၉၉၅ တွင် ရေးဆွဲအတည်ပြုပြီး ၂၀၁၆ တွင် ပြုပြင်မှုများ ပြုလုပ်ခဲ့သည်။ လက်ရှိ စာတမ်းပြုစုနေချိန်တွင် ဥပဒေသစ်ကို လွှတ်တော်တွင် ဆွေးနွေးနေပါသည်။ (အသေးစိတ် သိရှိလိုပါက NRGI's Governing the Gemstone Sector: Considerations for Myanmar တွင် လေ့လာနိုင်ပါသည်။) အခြားသော သဘာဝ သယံဇာတများကဲ့သို့ပင် ကျောက်စိမ်းနှင့် ကျောက်မျက်ကိုလည်း စီးပွားရေးလုပ်ငန်းများ ကိုယ်တိုင်ဆောင်ရွက်နေသည့် နိုင်ငံပိုင်လုပ်ငန်းများက အဓိက ဦးစီး စောင့်ကြည့်သည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (Myanmar Gems Enterprise (MGE) သည် လိုင်စင်ချထားပေးခြင်း၊ အခွန်ကောက်ခံခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်သည်။ တရားဝင် ကျောက်မျက်ပြပွဲများကိုလည်း လုပ်ငန်းရှင်များနှင့် ပူးပေါင်းစီစဉ်သည်။[၂၅] ပုဂ္ဂလိက လုပ်ငန်းအများအပြားနှင့် ထုတ်လုပ်မှု ခွဲဝေခံစားခြင်း စာချုပ် (production sharing contracts) ချုပ်ဆိုကာ တူးဖော်မှုများ ပြုလုပ်သည်။ ယင်းလုပ်ငန်းများမှ အမြတ်ခွဲတမ်းများ ရရှိသည်။ ကျယ်ပြန့်သည့် ကျောက်စိမ်းနှင့် ကျောက်မျက်ကဏ္ဍ တစ်ခုလုံးကို ထိရောက်စွာ စောင့်ကြည့်နိုင်စွမ်း MGE တွင် မရှိပါ။ ၎င်း အကျိုးတူ သဘောတူညီချက်ဖြင့် ပါဝင်လုပ်ကိုင်နေသည့် ကုမ္ပဏီများကိုသာ စောင့်ကြည့်မှုများ ပြုလုပ်နိုင်သည်။ သို့သော်လည်း ၂၀၁၆ ခုနှစ်တွင် တူးဖော်ရေးပါမစ် ၉၈ ရာခိုင်နှုန်းသည် အကျိုးတူ မဟုတ်ပဲ၊ ပုဂ္ဂလိက ကုမ္ပဏီများသို့ ချထားပေးခဲ့သည်။ ထို့ကြောင့် ပုဂ္ဂလိက ကုမ္ပဏီများသည် စောင့်ကြည့်မှု မရှိပဲ လုပ်ငန်းများ ဆောင်ရွက်နိုင်ကြသည်၊ ထုတ်လုပ်မည့် နည်းလမ်းကို လွတ်လပ်စွာ ရွေးချယ်နိုင်ကြသည်၊ စာရင်းတင်မည့်ပမာဏကို စိတ်ကြိုက် ဆုံးဖြတ်ကြသည်၊ တရားဝင် ရောင်းမည်၊ မှောင်ခိုထုတ်မည်ကို စိတ်ကြိုက် ဆုံးဖြတ် လုပ်ကိုင်နိုင်ကြသည် ဟု EITI ကျောက်မျက်အစီရင်ခံစာတွင် ဖော်ပြထားသည်။[၂၆] ရရှိလာသည့် အခွန်ငွေ အများစုကို ပြည်သူ့ အသုံးစရိတ်သို့ ထည့်ရမည့်အစား MGE ၏ သီးသန့် ဘဏ်စာရင်းသို့သာ ပေးပို့သိမ်းဆည်းထားသည်။ (သီးသန့် စာရင်းများနှင့်ပတ်သက်ပြီး NRGI's Gilded Gatekeepers for more on these "Other Accounts." တွင် ကြည့်ပါ။)

မြန်မာနိုင်ငံ၏ ကျောက်မျက်ကဏ္ဍ စီမံမှုပုံစံကြောင့် နိုင်ငံတကာ ကုမ္ပဏီများအနေဖြင့် ဝင်ရောက် ရင်းနှီးရန် အခက်အခဲဖြစ်နေသည်။ ကျောက်မျက်ထုတ်လုပ်ခြင်း သို့မဟုတ် တူးဖော်ခြင်းနှင့် ဆိုင်ပြီး ၂၀၁၆ ပြင်ဆင်ချက်တွင် နိုင်ငံခြားသား ဝင်ရောက်လုပ်ကိုင်ခြင်းကို ကန့်သတ်ထားသည်။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ နှင့် စိန် တို့အတွက် တွင်းဝခွန်ကို ၂၀ ရာခိုင်နှုန်း သတ်မှတ်ထားသည်။ မြန်မာနိုင်ငံ၏ သတ်မှတ် အခွန်နှုန်းသည် အခြားနိုင်ငံများမှ အခွန်နှုန်းထားထက် အနည်းဆုံး ၂ ဆ ပိုများနေသည်။ ယခင်က နိုင်ငံခြားပို့ခွင့်ကိုလည်း ပိတ်ပင်ထားသည်ဖြစ်ရာ မှောင်ခိုထုတ်ရောင်းရန် တွန်းအားဖြစ်စေခဲ့သည်။[၂၇] ပြည်တွင်းလုပ်ငန်းများကို ကာကွယ်ရန်အတွက် ရတနာ အရိုင်းတုံးများ ပြည်ပတင်ပို့မှုကိုလည်း ယခင်ဥပဒေတွင် ပိတ်ပင်ထားခဲ့သည်။ ၂၀၁၆ ပြင်ဆင်ချက်တွင် ပိတ်ပင်ထားမှုကို ဖယ်ရှားလိုက်သော်လည်း ကျောက်မျက် အရိုင်းတုံးများ တရားဝင်တင်ပို့ခြင်း လုပ်ငန်းစဉ်ကို ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိပါ။[၂၈] ဥပဒေ သတ်မှတ်ချက်အရ MGE သို့ တွင်းဝခွန် ပေးဆောင်ပြီးပါက ကုမ္ပဏီများသည် ၎င်းတို့၏ ကျောက်စိမ်းနှင့် ကျောက်မျက်များကို နေပြည်တော်တွင် ပြုလုပ်သည့် ကျောက်မျက်ပြပွဲတွင်

---

၂၄ Irwin, *MEITI Gemstone Sector Review*, 48.

၂၅ "Ministry of Natural Resources and Environmental Conservation: Duties."

၂၆ Irwin, *MEITI Gemstone Sector Review*, 7.

၂၇ NRGI research, 2017.

၂၈ Irwin, *MEITI Gemstone Sector Review*, 2017, 55.

ရောင်းချနိုင်သည်။ သို့မဟုတ် ကုန်သည်များသို့ ရောင်းချခွင့်ရှိသည်။[၂၉] ကျောက်မျက်ပြပွဲများသည် နိုင်ငံတကာ ကျောက်မျက်အရောင်းအဝယ်များ ဖြစ်ပေါ်ရန်အတွက် ရည်ရွယ်သည် ဖြစ်သော်လည်း ပတ္တမြားအရောင်းအဝယ် အများစုမှာ ကျောက်မျက်ပြပွဲများတွင် ပွဲဖြစ်လေ့ မရှိပါ။ ကျောက်မျက်ပြပွဲများသည် ကျောက်စိမ်းဝယ်လိုသည့် တရုတ် ပွဲစားများအတွက်သာ အဓိကဖြစ်သည်။[၃၀]

စောင့်ကြည့်ရာတွင် အကန့်အသတ်ရှိခြင်း၊ စည်းမျဉ်းဥပဒေများ ပွင့်လင်းမြင်သာမှု မရှိခြင်းတို့ကြောင့် မြန်မာ့ပတ္တမြားလုပ်ငန်း၏ တန်ဖိုး ခန့်မှန်းခြင်းကို ပို၍ ခက်ခဲစေသည်။ မြန်မာနိုင်ငံထွက် ပတ္တမြားများသည် နိုင်ငံတကာ လေလံများတွင် ပုံမှန်စံချိန် ချိုးလေ့ရှိသည်။ ၂၀၁၅ ခုနှစ် ဟောင်ကောင်တွင် ပြုလုပ်ခဲ့သည့် Christie လေလံပွဲတွင် ၁၅ ကာရက်ရှိ “Crimson Flame” ကို ကမ္ဘာ့စံချိန်ဖြစ်သော တကာရက် ၁.၂ သန်းဖြင့် ရောင်းချခဲ့ရသည်။[၃၁] သို့သော်လည်း အစိုးရဌာနများက ထုတ်ပြန်သည့် အရောင်းဆိုင်ရာ၊ ထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းများမှာ အကြီးအကျယ် ကွဲလွဲနေသည်။ အစိုးရ ထုတ်ပြန်သည့် ကိန်းဂဏန်း အများစုသည် ကျောက်စိမ်းနှင့် ကျောက်မျက် နှစ်ခုလုံးကို ပေါင်းထားခြင်း ဖြစ်သည်။ တစ်ခုတည်းသော ဥပဒေဖြင့် စီမံခြင်း၊ ပူးတွဲရောင်းချခြင်း ဖြစ်သောကြောင့် ပတ္တမြားဆိုင်ရာ အချက်အလက်များ သီးသန့် ခွဲထုတ်ရန်မှာ အခက်အခဲရှိသည်။ မြန်မာနိုင်ငံထွက် အခြားကျောက်မျက်များသည် ကျောက်စိမ်းကဏ္ဍကဲ့သို့ ငွေအများအပြား ရှာဖွေနိုင်ခြင်း မရှိပါ။ MGE က EITI မှတဆင့် ထုတ်ပြန်သည့် အချက်အလက်များတွင် တူးဖော်ခဲ့သည့် ပတ္တမြားများ၏ ခန့်မှန်း တန်ဖိုးကို ဖော်ပြထားခြင်း မရှိပါ။ ၂၀၁၃ – ၂၀၁၅ အတွင်း တစ်နှစ်လျှင် ပတ္တမြား ကာရက် ၄၀၀၀၀၀ ထုတ်ယူသည်ဟု MGE အချက်အလက်များအရ သိရသည့်တိုင်အောင် ကျောက်မျက်များ၏ တကာရက်ခြင်း တန်ဖိုးမှာ ဝယ်သူပေါ်တွင် မူတည်နေသည်ဖြစ်သောကြောင့် ကဏ္ဍတစ်ခုလုံး၏ တန်ဖိုးကို တွက်ချက်ရန် ပြည့်စုံခြင်း မရှိပါ။[၃၂]

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် Extractive Industries Transparency Initiative (EITI) အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ သဘာဝ သယံဇာတဆိုင်ရာ တာဝန်ခံမှုများ အားကောင်းလာစေရန် စတိတ်ဟိုဒါ အလွှာစုံ ပါဝင်သော နိုင်ငံတကာ အတိုင်းအတာနှင့် ဆောင်ရွက်နေသည့် ပွင့်လင်းမြင်သာမှု စနစ်တစ်ခုဖြစ်သည်။ သို့သော်လည်း ပထမဆုံး EITI အစီရင်ခံစာအဖြစ် ၂၀၁၃ – ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ထုတ်ဝေခဲ့ရာ ကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီ ၃၀ သာ ပါဝင်ခဲ့သည်။ ကျောက်မျက်လိုင်စင်တင်ပြသည့် ကုမ္ပဏီ ၄ ခုသာ ရှိပြီး ကျန်ကုမ္ပဏီများမှာ ကျောက်စိမ်းနှင့် ပတ်သက်သည်ကိုသာ ဖော်ပြခဲ့ကြသည်။ ထုတ်လုပ်မှုအများဆုံး သို့မဟုတ် ကျောက်မျက်ပြပွဲပြင်ပတွင် ကုန်သည်များအား ရောင်းချမှု အများဆုံးပေါ်တွင် ရွေးချယ်ခြင်း မဟုတ်ပဲ အနိမ့်ဆုံး သတ်မှတ်ချက်အနေဖြင့် ကျပ်ငွေ ၁၀ ဘီလီယံ (ဒေါ်လာ ၇.၃ သန်း) ဖိုး ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာပြပွဲတွင် တရားဝင် ရောင်းချရသည့် ကုမ္ပဏီများကို အစီရင်ခံစာတွင် ထည့်သွင်းခဲ့သည်။ ကျောက်မျက်အရောင်းအဝယ် အဓိက ပြုလုပ်သည့် နေရာသည် ကျောက်မျက်ပြပွဲ မဟုတ်သဖြင့် ကျောက်မျက်ပြပွဲ အချက်အလက်များကို EITI သတ်မှတ်ချက်အဖြစ် အသုံးပြုခြင်းကြောင့် EITI သည် ကျောက်မျက်ကဏ္ဍ ပွင့်လင်းမြင်သာမှုကို ထူးထူးခြားခြား အထောက်အကူ မပြုသည့် သဘောဖြစ်သည်။ နောင်တွင် ပြုစုမည့် အစီရင်ခံစာများတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီ အများအပြား တိုးတက်ပါဝင်လာနိုင်ရန် သတ်မှတ်ချက်ကို ပြုပြင်သင့်ကြောင်း မြန်မာ EITI စတိတ်ဟိုဒါများက အကြံပြုသည်။

၂၉ *Ibid*., 40.

၃၀ ဥပမာအားဖြင့် ၂၀၁၇ ဩဂုတ် ကျောက်မျက်ပြပွဲတွင် ကျောက်အတွဲပေါင်း ၆၈၈၇ တွဲမှာ ၃၂၆ တွဲသာလျှင် ကျောက်မျက်ရတနာများ ဖြစ်သည်။ အများစုမှာ တန်ဖိုးမြင့်မားသည့် ကျောက်စိမ်း အရိုင်းတုံးများ ဖြစ်သည်။ ယင်း ကျောက်မျက်ပြပွဲ ရောင်းရငွေ ယူရို ၅၁၅ သန်းတွင် ကျောက်မျက် ရောင်းရငွေသည် ယူရို ၃.၀၇ သန်းသာ ရှိသည်။ Chan Mya Htwe, “Jade Sales at 54th Gem Emporium down Due to Poorer Quality,” *Myanmar Times*, 14 August 2017, http://www.mmtimes.com/index.php/business/27245-jade-sales-at-54th-gem-emporium-down-due- to-poorer-quality.html.

၃၁ Christie’s, “The Crimson Flame Ruby Setsa World Auction Recordat Christie’s Hong Kong,” press release from 1 December 2015, http://www.christies.com/about-us/press-archive/details?pressreleaseid=8190&lid=1&mob-is-app=false.

၃၂ Irwin, *MEITI Gemstone Sector Review*, 98 and 40.

ကျောက်တူးဖော်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် လူမှုဝန်းကျင်၊ သဘာဝဝန်းကျင် ဆိုးကျိုးများကို လျှော့ချရန်၊ ကျောက်မျက်ကဏ္ဍ စီမံမှု တိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများ၏ တိုးတက်မှုများကို စောင့်ဆိုင်းရင်းနှင့် ပြုပြင်ပြောင်းလဲရေး ခြေလှမ်းတစ်ခုအနေဖြင့် အစိုးရသစ်သည် ကျောက်စိမ်းနှင့် ကျောက်မျက်လိုင်စင် သက်တမ်းတိုးပေးခြင်းကို ၂၀၁၆ ဇူလိုင်မှစပြီး ရပ်ဆိုင်းခဲ့သည်။ အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လိုကြောင်း သက်သေပြသည့်အနေဖြင့် လိုင်စင်ဆိုင်းငံ့ထားခြင်းကြောင့် တူးဖော်ရေးလုပ်ငန်းများပေါ်တွင် မှီခိုနေရသည့် ဒေသခံ ရပ်ရွာများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် အခက်အခဲများ ဖြစ်ပေါ်စေခဲ့သည်။ အလွတ်သဘော ကြားသိရသည့် ထုတ်ပြန်ချက်များအရ မိုးကုတ်မှ ကျောက်တွင်း ၈၀ ရာခိုင်နှုန်း တူးဖော်မှုကို ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။ ပါမစ်ချထားပေးခြင်း ပြန်လည်ပြုလုပ်ရန် ဒေသခံ လုပ်ငန်းရှင်များက အစိုးရကို တောင်းဆိုမှုများ စတင်လာခဲ့သည်။[၂၃]

## ၃။ မြန်မာ့ပတ္တမြားလုပ်ငန်း – သဘာဝ သယံဇာတ နှင့် ပဋိပက္ခ

တန်းတူညီမျှရှိသော ဖွံ့ဖြိုးရေးများအတွက်သာမက၊ မြန်မာ့ပြည်တွင်း ပဋိပက္ခနှင့်လည်း ဆက်စပ်မှုများရှိခြင်းကြောင့် မြန်မာ့ကျောက်မျက် စီမံမှုစနစ် ပြုပြင်ပြောင်းလဲမှုသည် အရေးကြီးသည့် ကိစ္စဖြစ်သည်။ သယံဇာတများ စီမံရာတွင် ထိရောက်သည်၊ ကောင်းမွန်သည်ဆိုပါက သယံဇာတ ထုတ်ယူခြင်းသည် နိုင်ငံသားများအတွက် ကောင်းကျိုးဖြစ်ထွန်းစေရန် အထောက်အပံ့ ဖြစ်စေသည်။ သဘာဝ သယံဇာတများမှာ အကျင့်ပျက် လာဘ်စားမှု၊ ပဋိပက္ခများနှင့် ဆက်စပ်နေလေ့ရှိသည်။ မှောင်ခိုထုတ်နိုင်သည့် သယံဇာတ "lootable resources" သို့မဟုတ် တန်ဖိုးမြင့်ပြီး အလွယ်တကူ တူးဖော်ထုတ်ယူနိုင်သည့် သယံဇာတများသည် စစ်အမှီပြု ငွေရှာခြင်းကို ကြီးထွားစေရန် အားပေးသည်။ ဒေသတွင်းမှ ကျွမ်းကျင်မှုအလွန်နည်းသည့် လုပ်သားများဖြင့် ထုတ်ယူနိုင်သည့် ယင်းသယံဇာတများသည် အခြား သဘာဝ သယံဇာတများထက်စာလျှင် ဒေသခံများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မှု ပိုများသည်။[၂၄]

### ပတ္တမြားများ နှင့် မြန်မာနိုင်ငံ ပဋိပက္ခတွင် ပါဝင်နေကြသူများ ဆက်စပ်မှု

သဘာဝ သယံဇာတများသည် မြန်မာ့ ပဋိပက္ခများတွင် အမြဲတမ်းအားဖြင့် အဓိက မကျသော်လည်း၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့များ၏ အစီရင်ခံစာများတွင် ကျောက်စိမ်း သို့မဟုတ် ကျွန်းသစ်ကဲ့သို့သော တူးဖော်ထုတ်လုပ်သည့် သယံဇာတ ရောင်းဝယ်ခြင်းနှင့် စစ်စရိတ် ထောက်ပံ့မှုကို ချိတ်ဆက်ဖော်ပြထားကြသည်။ ၂၀၁၅ Global Witness ၏ မြန်မာ့ကျောက်စိမ်း အရောင်းအဝယ်ဆိုင်ရာ အစီရင်ခံစာတွင် စစ်တပ်နှင့် ကချင်ပြည်နယ်ရှိ ကျောက်စိမ်းတူးဖော်မှု ပြုလုပ်သည့်ဒေသ ထိန်းချုပ်ထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ကျောက်စိမ်း အရောင်းအဝယ် အချိတ်အဆက်များ၊ တရုတ် အကျိုးစီးပွားများ၊ စစ်အာဏာရှင်များနှင့် အချိတ်အဆက် ရှိသည့် မြန်မာလုပ်ငန်းရှင်ကြီးများအကြောင်းကို ဖော်ပြထားသည်။ ယင်းကဲ့သို့ ဘဏ္ဍာရေးဆိုင်ရာ ဆက်နွယ်မှုများသည် လက်ရှိ စစ်ပွဲအရှိန် မြင့်လာစေရန် တိုက်တွန်းမှုတစ်ခုဟု မဆိုနိုင်သော်လည်း ကျောက်စိမ်းမြေ ထိန်းချုပ်မှုကို စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများလက်မှ အရပ်သားအစိုးရအောက်သို့ ပြောင်းလဲပေးရန်အတွက် ငြိမ်းချမ်းစွာ ညှိနှိုင်းမှုကို အားလျော့စေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံရှိ အခြားသော ကျောက်မျက်ရတနာ ကဏ္ဍသည် ကျောက်စိမ်းကဏ္ဍ ကဲ့သို့ ပဋိပက္ခနှင့်

၂၃ Ko Ko Kyaw, "Mogok Residents Seek Amendments to Gemstones Law," *Myanmar Times*, 17 August 2017, http://www.mmtimes.com/index.php/national-news/mandalay-upper-myanmar/27308-mogok-residents-seek-amendments-to-gemstones-law.html.

၂၄ Michael L. Ross, "Oil, Drugs, and Diamonds: The Varying Roles of Natural Resources in Civil War," in *The Political Economy of Armed Conflict: Beyond Greed and Grievance*, eds Karen Ballentine and Jake Sherman (Lynne Rienner Publishers, 2003), 55. For a fuller description of the mechanisms by which natural resource wealth affects conflict dynamics—whether onset, duration or intensity, see Michael L Ross, "How Do Natural Resources Influence Civil War? Evidence from Thirteen Cases," *International Organization* 58, no. 1 (Winter 2004): 35–67.

တိုက်ရိုက် အထင်အရှား ချိတ်ဆက်မှု မရှိသော်လည်း၊ လျှို့ဝှက်ချက် အလွန်များသည့် ပတ္တမြားလုပ်ငန်းသည်လည်း ပဋိပက္ခနှင့် အချိတ်အဆက်များ ရှိသည်ဖြစ်သောကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် သုံးသပ်မှုများ ပြုလုပ်ရန်၊ ကဏ္ဍပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန်၊ သိက္ခာရှိ တာဝန်သိ ဝယ်ယူမှုများ ပေါ်ပေါက်လာစေရန်အတွက် အားထုတ်ရန် လိုအပ်သည်။ ဖော်ပြမည့်အခန်းများတွင် မြန်မာ့ပတ္တမြားများသည် ပဋိပက္ခတွင် အဓိကကျသူများနှင့် ချိတ်ဆက်နေမှု၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခက်အခဲ ဖြစ်စေမှုများကို အများပြည်သူ သိရှိစေရန် ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များကို အခြေခံ၍ ဖော်ပြသွားပါမည်။ (၁) မြန်မာစစ်တပ်နှင့် ပတ္တမြားလုပ်ငန်း အချိတ်အဆက် (၂) ပတ္တမြားတူးဖော်ခွင့်နှင့် အပစ်အခတ်ရပ်စဲရေး အလဲအလှယ်ပြုလုပ်သည့် အစဉ်အလာ (၃) ပဋိပက္ခ ဆိုးကျိုးများ ခံစားစေရပြီး၊ အရောင်းအဝယ် လျော့ကျသွားစေသည့် အကြမ်းဖက် တိုက်ခိုက်မှုများ ။ ။

## *(၁) မြန်မာစစ်တပ်နှင့် ပတ္တမြားလုပ်ငန်း*

စစ်တပ်မှ နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့သည်ဖြစ်သောကြောင့် တပ်မတော်သည် ပတ္တမြားလုပ်ငန်း အပါအဝင် နိုင်ငံ၏ စီးပွားရေးတွင် နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက်နေသည်။ စစ်တပ် အစိုးရ အဆက်ဆက်သည် ဆိုရှယ်လစ်စနစ်၊ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း အပြောင်းအလဲ အမျိုးမျိုးကို ပြုလုပ်ခဲ့သည်။ စနစ်အမျိုးမျိုး ဖြတ်သန်းစဉ်တွင် တပ်မတော်သည် သီးခြား အစုအဖွဲ့တစ်ခုအနေဖြင့် ရပ်တည်ရန်၊ စစ်တပ်အသိုင်းအဝိုင်း အဖွဲ့ဝင်များကို အကျိုးပြု ချီးမြှင့်မှုများ ပြုလုပ်နိုင်ရန်အတွက် နိုင်ငံ၏ စီးပွားရေးနှင့် ချိတ်ဆက်မှုများ ပြုလုပ်ထားခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး လွှမ်းမိုးမှုအပြင် တပ်မတော်၏ တတိယမြောက် ထောက်ထိုင်တစ်ခုအနေဖြင့် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန် စစ်တပ်နှင့် အချိတ်အဆက်ရှိမှ ဖြစ်နိုင်သည့် လမ်းကြောင်းတစ်ခုကို ဖန်တီးခဲ့သည်။ နေပြည်တော်တွင် ဒီမိုကရေစီ ပြောင်းလဲရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးများ ဆက်လက်ပြုလုပ်နေသည့်တိုင်အောင် တပ်မတော်သည် အရပ်သားစောင့်ကြည့်မှုမှ ကင်းလွတ်၍ လည်ပတ်နေဆဲဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်းကောင်း၊ မြန်မာ့ပဋိပက္ခများ စီမံရာတွင်လည်းကောင်း လွတ်လပ်စွာ လှုပ်ရှားနေဆဲ ဖြစ်သည်။

စစ်တပ်နောက်ခံရှိသည့် ကုမ္ပဏီများသည် ပတ္တမြားလုပ်ငန်းတွင် အဓိကကျသည့် အစုအဖွဲ့များ ဖြစ်ကြသည်။ မိုင်းရှူးတဝိုက် နယ်မြေများသည် တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်များဖြစ်သော ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် မြောက်ပိုင်း (SSPP/SSA-N)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA-S)၊ အစိုးရ ထောက်ခံသည့်/ဆန့်ကျင်သည့် ပြည်သူ့စစ်များ အပြိုင်အဆိုင် အားပြိုင်မှုများ နှစ်ပေါင်းများစွာ ရှိနေသည့် နယ်မြေဖြစ်သည်။ မိုင်းရှူးမှ ကျောက်တွင်းအများစုမှာ စစ်တပ် ထိန်းချုပ်မှုအောက်တွင် ရှိနေသည်ဟု ပါးစပ်သတင်းများအရ သိရသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအနေဖြင့် တူးဖော်မှုများ ပြုလုပ်သည်ဖြစ်သော်လည်း တပ်မတော်၏ တိုက်ရိုက်စောင့်ကြည့်မှု သို့မဟုတ် မသိမသာ စောင့်ကြည့်မှုအောက်တွင် ဆောင်ရွက်ကြသည်။[၃၅] မိုးကုတ်တွင် တရားဝင် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ စစ်တပ်သည် ဒေသတွင်း စီးပွားရေးတွင် အဓိကကျလာသည်။ ၁၉၈၀ နှစ်များမှစ၍ အစိုးရသည် ကျောက်စိမ်းနှင့် ကျောက်မျက်ကဏ္ဍကို တစ်ဦးတည်း စတင်ချုပ်ကိုင်လာခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် စစ်အစိုးရသည် ၎င်းတို့ တိုက်ရိုက်ချုပ်ကိုင်ထားသည့် လုပ်ကွက်များကို စစ်တပ်ပိုင် ကုမ္ပဏီဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်သို့ လွှဲပြောင်းပေးခဲ့သည်။[၃၆]

ဦးပိုင်နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းသည် အကြီးဆုံး စစ်တပ်နောက်ခံ ကုမ္ပဏီ ၂ ခု ဖြစ်သည်။ ကုမ္ပဏီ ၂ ခုလုံးကို ၁၉၉၀ နှစ်များတွင် တည်ထောင်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ခံဖြစ်သည်။ မြန်မာစစ်တပ်၏ စီးပွားရေး လက်ရုံးတစ်ခုအဖြစ်နှင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။[၃၇] ၎င်းကုမ္ပဏီများသည် တရားဝင် နိုင်ငံပိုင်လုပ်ငန်းများ မဟုတ်ပဲ စစ်တပ်ပိုင်အနေဖြင့် တရားဝင်သဖွယ် (semi-

၃၅ အရပ်ဘက်လူ့အဖွဲ့အစည်း စတိတ်ဟိုဒါနှင့် မေးမြန်းချက် ၂၀၁၇ ဩဂုတ်

၃၆ “Long Wait On for Global Value Add Players to Enter Gem Market,” Myanmar Gems, accessed 16 November 2017, http://www.myanmargems.com/gemmarket.htm.

၃၇ *Myanmar First EITI Report* (Myanmar Extractive Industries Transparency Initiative, 2016), 48–49.

formal extensions of the military) ဖွဲ့စည်းထားသည့် ကုမ္ပဏီများဖြစ်သည်။ အရာရာတွင် မျက်နှာသာ ရကာ အခွန်ကင်းလွတ်ခွင့်၊ စာရင်းစစ် စနစ်မှ ကင်းလွတ်ခွင့်များ ရရှိခဲ့ကြသည်။ ယင်းကုမ္ပဏီများတွင် ကိုယ်ပိုင်လုပ်ငန်းများ ရှိကြသကဲ့သို့ အပြည့် ပိုင်ဆိုင် သို့မဟုတ် တစိတ်တပိုင်း ပိုင်ဆိုင်သည့် လုပ်ငန်းခွဲများ ရှိကြသည်။ ပုဂ္ဂလိက ကုမ္ပဏီများနှင့် အကျိုးတူ ဖက်စပ်လုပ်ငန်းများလည်း အများအပြား ပိုင်ဆိုင်လုပ်ကိုင်ကြသည်။ ကုမ္ပဏီဝင်ငွေများကို စစ်တပ်ဘတ်ဂျက် သို့မဟုတ် ဌာနရန်ပုံငွေတွင် မည်မျှ အသုံးပြုသည်ကို ရေရေရာရာ မသိရပါ။[၃၈] ၂၀၀၉ ခုနှစ် အမေရိကန် သံတမန် စာရွက်စာတမ်းတွင် ဦးပိုင်လုပ်ငန်း ခေါင်းစဉ်ဖြင့် ဖော်ပြချက်တွင် အာဏာထိန်းသိမ်းရန်အတွက် အသုံးပြုသည့် ဆရာတပည့်မွေး စနစ်၏ အဓိက ထောက်တိုင်ဖြစ်သည်ဟု ဖော်ပြထားသည်။[၃၉]

၂၀၁၆ တွင် ဦးပိုင်ကုမ္ပဏီသည် အများပိုင် ကုမ္ပဏီတစ်ခုအဖြစ် လျှောက်ထားခဲ့ကာ ကာကွယ်ရေးဝန်ကြီးဌာနပိုင် ရှယ်ယာများကို လက်ရှိနှင့် ယခင်က စစ်တပ်အရာရှိများသို့ ရောင်းချပေးခဲ့သည်။[၄၀] ဦးပိုင်သည် ၂၀၁၂ ခုနှစ်မှစပြီး အခွန်ဆောင်ခဲ့သည်။ ၂၀၁၅ နှင့် ၂၀၁၆ တွင် ထိပ်တန်းအခွန်ဆောင်သူများ စာရင်းဝင် ဖြစ်လာခဲ့သည်။[၄၁] ကုမ္ပဏီဝင်ငွေသည် စစ်တပ်အသိုင်းအဝိုင်းကို အကာအကွယ်ပေး၊ အကျိုးပြုနေသော်လည်း ကုမ္ပဏီ၏ လုပ်ငန်းများ၊ စိုးမိုးမှုနှင့် ပွင့်လင်းမြင်သာမှုကို ရှင်းလင်းစွာ သိမြင်ရခြင်း မရှိပါ။ ၂၀၁၇ အစောပိုင်း စာရင်းအရ ကုမ္ပဏီခေါင်းဆောင် အားလုံးသည် တာဝန်ထမ်းဆောင်ဆဲ စစ်တပ်အရာရှိများ ဖြစ်သည်။[၄၂] MEC သည် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးလက်အောက်တွင် ရှိနေဆဲဖြစ်ပြီး မြန်မာ့စီးပွားရေးအတွင်းမှ လျှို့ဝှက်မှု အများဆုံး အစုအဖွဲ့များအနက် တစ်ခုအဖြစ် ရပ်တည်နေဆဲ ဖြစ်သည်။[၄၃]

ကျောက်စိမ်းတွင်းများမှာကဲ့သို့ပင် လိုင်စင်ရရှိရန်၊ လုပ်ကွက်ရရှိရန် လျှောက်ထားသည့် ကုမ္ပဏီများသည် ဦးပိုင်သို့ လျှောက်ထားရသည်။ ဦးပိုင်သည် ကျောက်လုပ်ကွက်များ စီမံခြင်းကို တရားဝင် အခွင့်ရထားသည့်သဖွယ် စီမံသည်။[၄၄] NRGI က ပြုလုပ်ခဲ့သည့် သုတေသနတွင် ဦးပိုင်က တရားဝင် လိုင်စင်ရယူထားသည့် လုပ်ကွက်များတွင် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ဖက်စပ် ဆောင်ရွက်နိုင်ခွင့် ရှိခြင်းကြောင့် တရားဝင် လိုင်စင်ချထားခွင့်အာဏာ ရရှိသဖွယ် ဆောင်ရွက်နေသည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ၎င်းတို့ စောင့်ကြည့်ထိန်းကျောင်းမှု၊ နေ့စဉ် လုပ်ငန်းများတွင် ပါဝင်မှုကို အတိအကျ မသိရပါ။[၄၅]

စစ်တပ်နောက်ခံ ကုမ္ပဏီများသည် ပတ္တမြားတူးဖော်ခွင့်လိုင်စင် အများအပြားကို ထိန်းချုပ်ထားကြသည်။ ၂၀၁၄ စာရင်းအရ မိုးကုတ်နှင့် မိုင်းရှူးဒေသ ပတ္တမြားလုပ်ကွက်နေရာ ၂၀ ရာခိုင်နှုန်းကို စစ်တပ်နောက်ခံ ဆက်စပ်မှုရှိသည်ဟု သိရသည့် ကုမ္ပဏီ ၄ ခုက ထိန်းချုပ်ထားသည်။ ဦးပိုင်လုပ်ငန်းခွဲ ၃ ခု နှင့်

---

၃၈ Adam Smith International, *Institutional and Regulatory Assessment of the Extractive Industries in Myanmar* (The World Bank, 2015), 83; Global Witness, Jade: Myanmar's 'Big State Secret' (2015), 50–52.

၃၉ WikiLeaks cable cited in Michael Peel, "Myanmar: The Military-Commercial Complex," *Financial Times*, 2 February 2017, https://www.ft.com/content/c6fe7dce-d26a-11e6-b06b-680c49b4b4c0.

၄၀ Clare Hammond, "Military-Owned MEHL Applies to Become Public Company," *Myanmar Times*, 1 April 2016, http://www.mmtimes.com/index.php/business/19799-military-owned-mehl-applies-to-become-public-company.html.

၄၁ "IRD Honours Top Tax Payers," *Eleven Myanmar*, 11 April 2017, http://www.elevenmyanmar.com/business/8799; Aye Thidar Kyaw, "Annual List of Top Taxpayers Shows Payments Rising," Myanmar Times, 22 March 2016, http://www.mmtimes.com/business/19586-annual-list-of-top-taxpayers-shows-payments-rising.html.

၄၂ Peel, "Myanmar: The Military-Commercial Complex."

၄၃ Maung Aung Myoe, *Building the Tatmadaw: Myanmar Armed Forces Since 1948* (Singapore: ISEAS Publishing, 2009), 182.

၄၄ မိုးကုတ် လုပ်ငန်းရှင်နှင့် မေးမြန်းချက်၊ ၂၀၁၇ ဩဂုတ်

၄၅ Patrick Heller and Lorenzo Delesgues, *Gilded Gatekeepers* (Natural Resource Governance Institute, 2016), 20.

MEC တို့ဖြစ်သည်။[၄၆] အချက်အလက် အသေးစိတ်ကို ခွဲခြားဖော်ပြထားခြင်း မရှိသော်လည်း ပုဂ္ဂလိက လုပ်ငန်းများနှင့် ဖက်စပ်ဆောင်ရွက်သည့် အကျိုးတူလုပ်ငန်းများ ပါဝင်နိုင်ဖွယ် မရှိပါ။[၄၇] ဦးပိုင်သည် ၎င်းအပြည့်အဝ ပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်သော မြန်မာ့ပတ္တမြားလုပ်ငန်းဖြင့် ပတ္တမြားလုပ်ငန်းတွင် လုပ်ငန်းဆောင်ရွက်လေ့ရှိသည်။ အကျိုးတူ ဖက်စပ်လုပ်ငန်း အများအပြားကိုလည်း လုပ်ကိုင်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန မှတ်တမ်းများတွင် မြန်မာ့ပတ္တမြားလုပ်ငန်းနှင့် လိပ်စာတူသည့် ကျောက်မျက်နှင့် ရတနာ ကုမ္ပဏီပေါင်း ၁၀ ခုရှိသည်။ အချို့ ဒါရိုက်တာအဖွဲ့ဝင်များသည် မြန်မာ့ပတ္တမြားလုပ်ငန်းမှ ထုတ်ပြန်ထားသည့် ဒါရိုက်တာစာရင်းတွင် ပါဝင်နေကြသူများ ဖြစ်သည်။ ပုံ ၂ ကိုကြည့်ပါ။ ယင်းအချက်အလက်များအရ ၎င်းကုမ္ပဏီများသည် နာမည်ခွဲများဖြင့် လုပ်ငန်းဆောင်ရွက်နေသည့် ဆက်စပ်ကုမ္ပဏီများ ဖြစ်နိုင်သည်။ ပွင့်လင်းမြင်သာမှု ဆောင်ရွက်လာရသည့်အခါတွင် ပြင်ပမှ အာရုံစိုက်မှု မခံရစေပဲ လိုင်စင်များ ရရှိစေရန်အတွက် ရည်ရွယ်လျက် ဆောင်ရွက်ခြင်း ဖြစ်သည်။ ၂၀၁၆ MGE စာရင်းများအရ မိုးကုတ်နှင့် မိုင်းရှူးတွင် MEC က တိုက်ရိုက် ချုပ်ကိုင်ထားသည့် လိုင်စင် ၉၅ ခု ရှိသည်။[၄၈] စစ်တပ်ပိုင်ကုမ္ပဏီများ စုဖွဲ့မှု အရေအတွက်အရ ပတ္တမြားကုန်သွယ်မှုမှ စစ်တပ်ဆက်စပ်ကုမ္ပဏီများ ရရှိသည့် အမြတ်အစွန်းသည် မြင်ရသည်ထက် များနိုင်သည်။

လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်မှာ ပွင့်လင်းမှု မရှိသဖြင့်လည်း စစ်တပ်လွှမ်းမိုးမှု ပို၍ ကျယ်ပြန့်လာစေသည်။[၄၉] အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း MGE သည် ပါမစ်ချထားပေးခြင်းနှင့် ဆိုင်ပြီး လုပ်ပိုင်ခွင့် အများအပြား ရရှိထားသည်။ အထူးသဖြင့် အကျိုးတူလုပ်ငန်းများ ချထားပေးခြင်းတွင် လုပ်ပိုင်ခွင့်ရှိသည်။ တည်ဆဲဥပဒေများ အကောင်အထည်ဖော်မှုကို စောင့်ကြည့်နိုင်သည့် အာဏာလည်း ရှိသည်။ နိုင်ငံရေး အပြောင်းအလဲများကြောင့် MGE ခေါင်းဆောင်မှုပိုင်း အပြောင်းအလဲများ ရှိခဲ့သော်လည်း ဝန်ထမ်းအများစုမှာ စစ်တပ် အစိုးရက ခန့်အပ်ထားခဲ့သူများ ဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လိုသည့် ဆန္ဒရှိကြောင်း ထင်ရှားနေသော်လည်း ကဏ္ဍတစ်ခုလုံးကို ဖိဖိစီးစီး ကြီးကြပ်နိုင်ရန်အတွက် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ အားနည်းချက် များစွာ ရှိသည်။ ထို့ပြင် စစ်တပ်ကိုသာ အစီရင်ခံ အကျိုးပြုသည့် ဌာနတွင်း အလေ့အကျင့်ကလည်း စွဲကပ်နေဆဲဖြစ်သည်။

---

၄၆ Myanmar Ruby Enterprise, Dana Theidi Star and Thit Par Sann.Excludes the small, in§dvidually held permits that Mogok began issuing recently to long-time residents. *Myanmar First EITI Report* (Myanmar Extractive Industries Transparency Initiative, 2016), Appen§dx.

၄၇ *Myanmar First EITI Report* (Myanmar Extractive Industries Transparency Initiative, 2016), Appen§dx.

၄၈ Irwin, *MEITI Gemstone Sector Review,* 22.

၄၉ အသေးစိတ် သိလိုပါက NRGI Briefing: Maw Htun Aung and Paul Shortell, "Mineraland Gemstone Licensing in Myanmar" (Natural Resource Governance Institute, 2016), Patrick Heller and Lorenzo Delesgues, Gilded Gatekeepers (Natural Resource Governance Institute, 2016), 20. တွင်ကြည့်ပါ။




ပုံ ၂။ မြန်မာ့ပတ္တမြား လုပ်ငန်းနှင့် ဆက်စပ် ကုမ္ပဏီများ (အရာရှိများ၊ ဆက်စပ်ကုမ္ပဏီများ)

*စာတမ်းပြုစုနေချိန်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ Directorate of Investment and Company Information (DICA) အများပြည်သူ သိစေရန် ထုတ်ပြန်ထားသည့် အချက်အလက်များကို အသုံးပြုပြီး ရေးသားခြင်း ဖြစ်ပါသည်။*

### *(၂) ပတ္တမြားနှင့် အခြား လက်နက်ကိုင်အုပ်စုများ ဆက်စပ်မှု – လုပ်ကွက်နှင့် အပစ်အခတ် ရပ်စဲရေး လဲလှယ်ခြင်း*

ပတ္တမြားလုပ်ငန်းအတွင်း တစ်ခုတည်းသော အကြီးဆုံး အစုအဖွဲ့သည် စစ်တပ်ဖြစ်သော်လည်း ပဋိပက္ခနှင့် ဆက်စပ်နေသည့် အစုအဖွဲ့မှာ စစ်တပ်တစ်ခုတည်း မဟုတ်ပါ။ အပစ်အခတ် ရပ်စဲရေး သို့မဟုတ် အခြား အလျှော့ပေးရေး ကိစ္စများတွင် အလဲအလှယ် ညှိနိုင်းရန်အတွက် စစ်တပ် အသုံးပြုသည့် နည်းအမျိုးမျိုးအနက် စီးပွားရေးလုပ်ကွက်များ ချပေးခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။[၅၀] ပတ္တမြားလုပ်ကွက်များကိုလည်း အပေးအယူ ကိစ္စတစ်ခုအဖြစ် အသုံးပြုသည်။ ပတ္တမြားလုပ်ကွက်မှ ရရှိသည့် အမြတ်အစွန်းများသည် လက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုကို ငွေကြေးအရ တိုက်ရိုက် အထောက်အပံ့ ပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ စီးပွားရေးလုပ်ကွက်များ ပူးပေါင်း၍ ချထားပေး၊ လုပ်ကိုင်ကြခြင်းသည် ပြဿနာရှိသည်။ နိုင်ငံရေး ဆွေးနွေးမှုများ သို့မဟုတ် လူမှုရေး ဖြေလျှော့ ဆွေးနွေးမှုများကို မှေးမှိန် ပျောက်ကွယ်စေသည်။ စစ်တပ်နှင့် ပေါင်းစားမှ တိုင်းရင်းသားအုပ်စုများ ရပ်တည်နိုင်သည့် အခြေအနေသို့ ရောက်ရှိစေသည်။ တည်ငြိမ်မှုမရှိသည့် ပိုနေမြဲ ကျားနေမြဲ အခြေအနေတစ်ခုကို ဖြစ်ပေါ်စေသည်။ ၂၀၀၀ ခုနှစ်နောက်ပိုင်း တိုက်ပွဲများ ပြင်းထန်လာခြင်းသည် ၁၉၉၀ ခုနှစ်များတွင် သဘောတူခဲ့သည့် စီးပွားရေးဆိုင်ရာ အပေးအယူများကို စစ်တပ်က ပြန်လည်ပြောင်းလဲလိုခြင်းကြောင့်ဟု ပညာရှင်တစ်ဦးက ထောက်ပြခဲ့သည်။[၅၁]

၅၀ ဥပမာအားဖြင့် Kevin Woods, “Ceasefire Capitalism,” *The Journal of Peasant Studies* 38, no. 4 (2011): 747–770 ကိုကြည့်ပါ။

၅၁ Vanda Felbab-Brown, *Myanmar Maneuvers* (United Nations University Centre for Policy Research, April 2017), 2.

ပအိုဝ်း အမျိုးသားအစည်းအရုံး Pa-O National Organization (PNO) သည် ၁၉၉၁ တွင် တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခဲ့ခြင်းကြောင့် ပတ္တမြားလုပ်ကွက်များ ရရှိခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ PNO သည် Jade Dragon Gems နှင့် ၎င်း၏ လုပ်ငန်းခွဲ Ruby Dragon Jade and Gems Company တို့ကို ဖွဲ့စည်းခဲ့သည်။[၅၂] ကုမ္ပဏီ စတင်ခဲ့သူ နေဝင်းထွန်းသည် ပအိုဝ့် ကိုယ်စားပြု၍ လွှတ်တော်တွင် နေရာယူခဲ့သည်။ ၎င်းသည် ကဏ္ဍစီမံမှုတွင် လက်ရှိ အသုံးပြုနေသည့် ၂၀၁၆ ကျောက်မျက်ဥပဒေ ပြင်ဆင်မှု မူကြမ်းရေးဆွဲရာတွင်လည်း အဓိကနေရာမှ ပါဝင်ခဲ့သည်။[၅၃] Ruby Dragon သည် မိုင်းရှူး နှင့် မိုးကုတ် နှစ်နေရာစလုံးတွင် ကျောက်တူးသည်။ Loi Mine Nagar Gems ကုမ္ပဏီအမည်ဖြင့်လည်း ကျောက်လုပ်ငန်းတွင် ပါဝင်သည်။ MGE နှင့် အကျိုးတူ ဖက်စပ် တူးဖော်သည်။ ပုဂ္ဂလိက တူးဖော်မှုများလည်း ပြုလုပ်သည်။ PNO သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုကို စီမံခွင့်ရပြီး ၎င်း၏ လက်နက်ကိုင်သည် အစိုးရနှင့် မိတ်ဖက် ပြည်သူ့စစ်အဖြစ်သို့ ပြောင်းလဲသွားသည်။[၅၄] ပဋိပက္ခများ ဆက်လက်ဖြစ်ပွားခြင်း မရှိသော်လည်း ကျောက်လုပ်ကွက်များသည် စစ်တပ်နှင့် နီးစပ်မှုကို ပို၍ ခိုင်မာစေခဲ့သည်။ ကျောက်လုပ်ငန်းများ လုပ်ကိုင်ရင်းနှင့် ပတ္တမြားနဂါး (Ruby Dragon) သည် အစိုးရနှင့် ပို၍ နီးစပ်လာခဲ့သည်။ ၂၀၀၀ ခုနှစ်တွင် ရောမ ကျောက်စိမ်းတုံးကြီးကို စစ်တပ်သို့ လက်ဆောင်ပေးခဲ့ခြင်းကြောင့် နာမည်ကျော်ခဲ့သည်။[၅၅]

SSPP/SSA-N ၏ ဖြစ်ရပ်များသည် တပ်မတော်က ပေးသည့် စီးပွားရေးလုပ်ကွက်များ၏ မမြဲသော သဘောများကို သရုပ်ပြလျက်ရှိသည်။ SSPP ၏ ကျောက်မျက် လုပ်ငန်းများနှင့်ပတ်သက်ပြီး လူအများသိသည့် အချက်အလက် အနည်းငယ်သာ ရှိသော်လည်း ၁၉၈၉ ခုနှစ်တွင် တပ်မတော်နှင့် နှုတ်ကတိ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကြောင့် ပတ္တမြားလုပ်ကွက်များ ရရှိခဲ့သည်ဟု ပြောပြသူ အများအပြား ရှိသည်။[၅၆] ၎င်းတို့ ရရှိသည့် လုပ်ကွက်မှာ မိုင်းရှူးအနီးတွင် ဖြစ်နိုင်ချေရှိပြီး၊ ၎င်းနေရာသည် SSPP/SSA-N ၏ အဓိကကျသည့် စစ်ဌာနချုပ်များအနက် တစ်ခုဖြစ်သည်။ ၎င်းအပစ်အခတ်ရပ်စဲရေးသည် ပျက်ပြယ်ခဲ့ပြီး ၂၀၁၂ တွင် စီးပွားရေးလုပ်ကွက်များအကြောင်း ပါဝင်ခြင်းမရှိတော့သည့် အပစ်အခတ် ရပ်စဲရေး စာချုပ်အသစ်ကို ထပ်မံညှိနှိုင်းခဲ့သည်။[၅၇] ယင်း အပစ်အခတ် ရပ်စဲရေးသည်လည်း အကြိမ်ကြိမ် ဖောက်ဖျက်ခံခဲ့ရသည်။[၅၈] ၂၀၁၇ ဩဂုတ်တွင် SSPP/SSA-N နှင့် မြန်မာစစ်တပ်တို့ မိုင်းရှူးအနီးတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်း အပါအဝင် စာချုပ်ဖောက်ဖျက်မှု များစွာ ဖြစ်ပေါ်ခဲ့သည်။[၅၉] ယင်း ပတ္တမြားလုပ်ကွက်များသည် SSPP/SSA-N အတွက် ငွေရေးကြေးရေး အထောက်အပံ့ ဖြစ်မဖြစ် သို့မဟုတ် ပိုင်ဆိုင်မှုများ လက်လွှတ်လိုက်ရပြီး နောက်ပိုင်း အထောက်အပံ့ ဖြစ်မဖြစ်ကို ရန်ကုန်မှ မေးမြန်းချက်များဖြင့် အတည်ပြု၍ မရနိုင်ခဲ့ပါ။

---

၅၂ Ko Htwe, “PaO Seek Party Registration,” *The Irrawaddy,* 5 April 2010, http://election.irrawaddy.com/news/240-pao-seek-party-registration.html.

၅၃ Global Witness, *Jade: Myanmar’s ‘Big State Secret,’* 67.

၅၄ Buchanan, John. *Militias in Myanmar* (The Asia Foundation, 2016), 20

၅၅ Wai Moe, “Nay Win Tun: Burma’s Gem Stone Tycoon,” *The Irrawaddy,* 31 October 2007, http://www2.irrawaddy.com/article.php?art_id=9164.

၅၆ Myanmar Peace Monitor, *Deciphering Myanmar’s Peace Process: A Reference Guide* (Burma News International, 2014), 57.

၅၇ “Agreement between the State Level Peace Making Team and the Shan State Progressive Party/Shan State Army.”

၅၈ See, for example, ALTSEAN-BURMA, “Tatmadaw troops start assault on a Shan State Army-North (SSA-N) camp at Red Ruby Mountain, Monghsu, Shan State,” 11 June 2014, as cited in “Ethnic Issues Chronology 2014,” accessed 23 August 2017, http://www.altsean.org/chronology/chronology2014/ethnicIssueschronology2014.htm.

၅၉ Sai Aw, “Renewed Fighting Erupts,” *Shan Herald Agency for News,* 23 August 2017, http://english.panglong.org/2017/08/23/renewed-fighting-erupts-between-burma-army-and-ssppssa-in-mong-hsu.

*(၃) ပတ္တမြားနှင့် အခြားသော လက်နက်ကိုင် အဖွဲ့အစည်းများ ဆက်စပ်မှု – ကျောက်တွင်းများ၊ ကုန်သွယ်ရေးလမ်းကြောင်းအတွက် တိုက်ခိုက်ကြခြင်း*

အများပြည်သူမှ သိရှိနိုင်သည့် အချက်အလက်များအရ ပတ္တမြားကုန်သွယ်မှုနှင့် ပေါ်တင် ဆက်စပ်မှု မရှိနေသည့်တိုင်အောင် ပတ္တမြားတူးဖော်သည့် နေရာတဝိုက်တွင် တိုက်ခိုက်မှုများ ပို၍ အဖြစ်များသည်။ မိုင်းရှူးဒေသတွင် SSPP/SSA-N နှင့် စစ်တပ် တိုက်ပွဲများအပြင်၊ RCSS/SSA-S နှင့် စစ်တပ်သည်လည်း ယင်းနေရာတဝိုက်တွင်ပင် တိုက်ပွဲများ နှစ်ပေါင်းများစွာ ဖြစ်ခဲ့သည်။ RCSS သည် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်တွင် လက်မှတ်ထိုးထားပြီး၊ စစ်တပ်နှင့်လည်း ၂၀၁၂ တွင် နှစ်ဖက်သဘောတူ အပစ်အခတ်ရပ်စဲ သဘောတူညီမှုကို ချုပ်ဆိုထားသေးသည်။ ကျောက်တွင်းနေရာတဝိုက် အပေးအယူများ၏ မမြဲမှုကို ဖော်ပြနေသည့် အဖြစ်အပျက်များ ဖြစ်သည်။ RCSS/SSA-S သည် ၂၀၁၂ ခုနှစ်ကစပြီး ရှမ်းတောင်တန်းချယ်ရီ အမည်ဖြင့် ကုမ္ပဏီဖွဲ့ကာ ကျောက်မျက်နှင့် ရတနာလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု ဖော်ပြချက်များ ရှိသည်။ ယခုစာတမ်းအတွက် လေ့လာရာတွင် ၎င်းကုမ္ပဏီအမည်နှင့် ပတ္တမြားလုပ်ငန်းများ ဆောင်ရွက်နေမှုကို တရားဝင်ထုတ်ပြန်ထားချက်ကိုတော့ ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပါ။[၆၀]

မိုးကုတ်မှ ရှမ်းပြည်သို့ ဖြတ်သန်းသွားရခြင်း ဖြစ်သောကြောင့် ဒေသခံ ကုန်သည်များက လက်နက်ကိုင်အဖွဲ့များ တိုက်ခိုက်မှု သို့မဟုတ် ဓါးပြတိုက်ခံရမည်ကို ကြောက်ရွံ့ကြသည်။ မိုးကုတ်မှ ပြင်ဦးလွင်လမ်းအသစ်သည်လည်း ယင်းနေရာများတွင် ကျရောက်နေသည်။ လက်နက်ကိုင်များအကြောင်း မသိသည့် ကားသမားများ (မသိသဖြင့် အပေးအကမ်းမရှိသောကြောင့်) အတွက် အထူးသဖြင့် အန္တရာယ်များသည်။ တပ်မတော်နှင့် တအောင်း လွတ်လပ်ရေးတပ်မတော် Ta'ang National Liberation Army (TNLA) တို့ကြား တိုက်ခိုက်မှုများကြောင့် ဖြစ်သည်ဟု အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။[၆၁] ကျောက်မဲ၊ လားရှိုး၊ မူဆယ် (ရှမ်းပြည်နယ်) ကိုဖြတ်သည့် မိုးကုတ်မှ တရုတ်သို့သွားသည့် လမ်းနှင့်ပတ်သက်ပြီးလည်း စိုးရိမ်ကြသည်။ လက်နက်ကိုင်တပ်များ လှုပ်ရှားမှုကြောင့် တိုက်ခိုက်ခံရမည်၊ ဖြတ်သန်းခ တောင်းခံမည်ကို စိုးရိမ်ကြသည်။[၆၂]

မိုင်းရှူးဒေသထွက် ပတ္တမြားများသည် ရွှေတြိဂံ ဒေသရှိ မူးယစ်မှောင်ခိုလမ်းကြောင်းအတိုင်း ထွက်သွားသည်ဟုလည်း မှန်းဆပြောဆိုမှုများ ရှိသည်။ ထို့ကြောင့် ဝ နှင့် အခြား ပြည်သူ့စစ် လှုပ်ရှားမှုများနှင့်လည်း ဆက်စပ်နေသည်။[၆၃] သို့သော်လည်း ယင်း မှန်းဆချက်များနှင့်ပတ်သက်ပြီး ခိုင်မာသည့် သက်သေအထောက်အထား ပြနိုင်မှု မရှိသေးပါ။

သွေးစွန်းပတ္တမြား

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၁၅ တွင် ထုတ်ပြန်ခဲ့သည့် Global Witness ၏ အစီရင်ခံစာတွင် ကျောက်စိမ်းနှင့် ကချင်ပြည်နယ်တွင် နှစ်ပေါင်းရှည်ကြာစွာ ဖြစ်ပေါ်နေသည့် ပဋိပက္ခကြား အချိတ်အဆက်များကို အလေးပေး ဖော်ပြသွားသည်။ ကျောက်စိမ်းကဏ္ဍတွင် ပါဝင်နေသည့် အစုအဖွဲ့များ၊ လုပ်ငန်းဆောင်ရွက်ပုံများ၊ တွန်းအားပေးသည့် အချက်များကို ပတ္တမြားကဏ္ဍတွင်လည်း တွေ့ရသည်။

၂၀၁၄ ခုနှစ် စာရင်းများအရ မိုင်းရှူး သို့မဟုတ် မိုးကုတ် ရတနာမြေတွင် လုပ်ငန်းဆောင်ရွက်ရန် လိုင်စင်ရထားသည့် ကုမ္ပဏီ ၃ ပုံ ၁ ပုံနီးပါးသည် ကျောက်စိမ်းလိုင်စင်လည်း ရရှိထားကြသည်။[၆၄] EITI ပထမဆုံး အစီရင်ခံစာတွင် အနိမ့်ဆုံး သတ်မှတ်ချက် ပြည့်မီ၍ ပါဝင်ခွင့်ရသည့် ကျောက်မျက်ကုမ္ပဏီ ၄ ခုသည် ၎င်းတို့၏ ကျောက်စိမ်းများ အဓိကထား ရောင်းချရန် ကျောက်မျက်ပြပွဲ

၆၀ Myanmar Peace Monitor, *Deciphering Myanmar's Peace Process,* 185.

၆၁ Hla Hla Htay, "Myanmar's Elusive Gift from God," Agence France-Presse, 17 February 2017, https://correspondent.afp.com/myanmars-elusive-gift-god.

၆၂ ၂၀၁၇ ဇူလိုင်၊ ဩဂုတ်တွင် မိုးကုတ် ကျောက်လုပ်ငန်းရှင်နှင့် မေးမြန်းချက်

၆၃ ၂၀၁၇ ဩဂုတ်တွင် အရပ်ဘက်လူ့အဖွဲ့အစည်း စတိတ်ဟိုဒါနှင့် မေးမြန်းချက်

၆၄ Myanmar Extractive Industries Transparency Initiative, *Myanmar First EITI Report* (2016), Appen§dx.

တက်ကြခြင်း ဖြစ်သည်။

စစ်တပ်နောက်ခံ ကုမ္ပဏီများသည် နှစ်ဖက်လုံးတွင် ပါဝင်နေကျ အစုအဖွဲ့များဖြစ်သည်။ မိုးကုတ်နှင့် မိုင်းရှူးပတ္တမြားလုပ်ငန်းကို စိုးမိုးထားသည့် ဦးပိုင်၊ MEC နှစ်ခုပေါင်းပြီး ၂၀၁၃ နှင့် ၂၀၁၄ တွင် ကျောက်စိမ်း ဒေါ်လာ ၂၈၃ သန်းဖိုး ရောင်းချခဲ့ရသည်။[၆၅]

Global Witness အစီရင်ခံစာတွင် ခရိုနီ ကုမ္ပဏီများဟု ဖော်ပြခံထားရသည့် စစ်တပ်အစိုးရနှင့် နီးစပ်သည့် ကုမ္ပဏီများသည် ပတ္တမြားလုပ်ငန်းတွင်လည်း ဝင်ရောက်လုပ်ကိုင်နေကြသည့် လက်ကြီးသမားများ ဖြစ်သည်ဟု ဖော်ပြထားသည်။

- Asia World သည် EITI အစီရင်ခံစာအတွက် သတ်မှတ်ချက်ဖြစ်သော ကျပ်ငွေ ၁၀ ဘီလီယံ အရောင်းရှိသည့် ကျောက်မျက်ကုမ္ပဏီ ၄ ခုအနက် ၂ ခုနှင့် ဆက်စပ်နေသည်။ Wai Family Gems နှင့် Wai Aung Gabar Gems ဖြစ်သည်။ ပထမဆုံး EITI အစီရင်ခံစာတွင် ဖွင့်ပြခဲ့သည့် အချက်အလက်များအရ Asia World သည် Wai Family Gems ၏ ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်သည်။ Wai Family Gems ကုမ္ပဏီ ဒါရိုက်တာ ၃ ဦး၊ လိပ်စာသည် Wai Aung Gabar Gems နှင့် ထပ်တူ ဖြစ်နေသည်။[၆၆]
- ကမ္ဘောဇ Kanbawza (KBZ) သည် မြန်မာနိုင်ငံတွင် အကြီးဆုံး ဘဏ် ဖွင့်လှစ်ထားသည့် စီးပွားရေးလုပ်ငန်းစု ဖြစ်သည်။ မိုင်းရှူးတွင် ကျောက်တူးဖော်မှုများ ပြုလုပ်ခြင်းဖြင့် အစပြုခဲ့ပြီး အစဦးအလာတစ်ခုအနေဖြင့် ကျောက်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ ကျောက်လုပ်ငန်းတွင် ၎င်း၏ ပါဝင်မှုမှာ အနည်းငယ်သာ ရှိသည်။ ကချင်ပြည်နယ်တွင် ကျောက်စိမ်းတူးဖော်ခြင်းကို ရပ်ဆိုင်းခဲ့သည်ဟု ကြေညာခဲ့သည်။[၆၇]
- Ruby Dragon သည် ပတ္တမြားလုပ်ငန်းတွင် Loi Mine Nagar Gems အမည်တစ်ခုတည်းဖြင့် လုပ်ငန်းဆောင်ရွက်သည်။ ၎င်းသည် ပအိုဝ့် အပစ်အခတ် ရပ်စဲရေး အဖွဲ့နှင့် ဆက်စပ်မှုရှိသည်။ အသေးစိတ်ကို ယခုအစီရင်ခံစာတွင် ဆွေးနွေးထားပါသည်။

၆၅ Global Witness, *Jade: Myanmar's 'Big State Secret,'* 40.

၆၆ http://www.dica.gov.mm/en/company/wai-aung-gabar-gems-company-limitedand http://www.dica.gov.mm/en/company/wai-family-gems-company-limited

၆၇ Global Witness, *Jade: Myanmar's 'Big State Secret,'* 58.

ပဋိပက္ခနှင့် ချိတ်ဆက်နေမှုများကို နှိုင်းယှဉ်ဖော်ပြခြင်း။ ကျောက်စိမ်း နှင့် ပတ္တမြား

| | ကချင်ပြည်နယ် ကျောက်စိမ်း | မိုးကုတ်ပတ္တမြား | မိုင်းရှူးပတ္တမြား |
|---|---|---|---|
| **ပိုင်ဆိုင်မှု** | *စစ်ပွဲဖြစ်ပွားနေသည့် နယ်မြေ (Contested territory) —* ၁၉၉၄ တွင် ကျောက်စိမ်းတွင်းများ လက်လွှတ်လိုက်ရခြင်းသည် ၁၇ နှစ်ကြာ အပစ်အခတ် ရပ်စဲရေး လက်မှတ်ထိုးစေရန် တိုက်တွန်းချက် တစ်ခု ဖြစ်ခဲ့သည်။ ၂၀၁၁ စစ်ပွဲ ပြန်လည်ဖြစ်ရာတွင် ကျောက်ထွက်ရာ ဒေသသည် စစ်ပွဲဖြစ်စေသည့် အကြောင်းရင်းတစ်ခု ဖြစ်လာခဲ့သည်။ | *စစ်တပ်ထိန်းချုပ်မှု အားကောင်းခြင်း (Significant military influence) —* ကျောက်ကောင်းထွက်သည့် လုပ်ကွက်များကို ဦးပိုင်က ပိုင်နိုင်စွာ ချုပ်ကိုင်ထားသည်။ တိုက်ရိုက် တူးဖော်ခြင်းအားဖြင့်သော် လည်းကောင်း၊ လိုင်စင်ရရှိသူများပေါ် တွင် လွှမ်းမိုးချုပ်ကိုင်ခြင်းဖြင့်သော် လည်းကောင်း ချုပ်ကိုင်ထားသည်။ | *စစ်တပ် ထိန်းချုပ်မှု အားကောင်း ခြင်း နှင့် စစ်ပွဲ ဖြစ်နိုင်သည့် အလားအလာ ရှိခြင်း (Significant military influence and possible contested territory) —* ကျောက်လုပ်ကွက် အများစုကို စစ်တပ်က တိုက်ရိုက် သို့မဟုတ် စစ်တပ် ဆက်စပ် ကုမ္ပဏီက ပိုင်ဆိုင်ထားသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အတွက် ချထားပေးသည့် စစ်တပ်က ထိန်းချုပ်ထားသည့် လုပ်ကွက်များလည်း ရှိသည်။ ဥပမာ – SSPP ၊ PNO. |
| **လုပ်ကွက် (Mine site)** | ဒေသခံ တပ်မတော် တပ်ရင်းက အသေးစား ကျောက်လုပ်ငန်း လုပ်သူများထံမှ အခွန်ကောက်သည်။ လုံခြုံရေး ခေါင်းစဉ်ဖြင့် ကောက်ယူသည်။[၆၈] ကချင် လွတ်လပ်ရေးအဖွဲ့ Kachin Independence Organization (KIO) သည်လည်း ကျောက်တန်ဖိုး ၁၀ ရာခိုင်နှုန်းကို တရားဝင်သဖွယ် ကောက်ယူသည်။ ကျောက်ကောင်းများ ရရှိပါက သတင်းပေးများက ၎င်းတို့ကို အကြောင်းကြားသည်။ အခွန်တောင်းခံလွှာ ပေးပို့ကာ ကျသင့်ငွေကို စည်းကြပ်သည်။ အခွန်ဆောင်ပြီးကြောင်း ပြေစာ ထုတ်ပေးသည်။[၆၉] | ယခုစာတမ်းအတွက် လေ့လာမှုအရ မိုးကုတ် ကျောက်တွင်းများတွင် လုံခြုံရေးခေါင်းစဉ်ဖြင့် ကောက်ခံမှု သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ အခွန်စည်းကြပ်မှုကို မတွေ့ရပါ။ လက်နက်ကိုင် တပ်ဖွဲ့များ လှုပ်ရှားမှု မရှိသည့် မိုးကုတ်တွင် ယင်းကဲ့သို့ ကောက်ယူမှုများ မရှိပါ။ | အခြား စာတမ်းများတွင် ဖော်ပြထားသကဲ့သို့ပင် မိုင်းရှူး ပတ္တမြားလုပ်ကွက်များနှင့် ဆိုင်သည့် အချက်အလက်များ ရရှိရန် ပို၍ခက်ခဲသည်။ ယခုစာတမ်းအတွက် လေ့လာမှုအရ ကျောက်တွင်းများတွင် လုံခြုံရေး ခေါင်းစဉ်ဖြင့် ကောက်ခံမှု သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ အခွန်စည်းကြပ်မှုကို မတွေ့ရပါ။ |
| **သယ်ယူပို့ဆောင်ခြင်း/ ရောင်းဝယ်ခြင်း** | စစ်ဆေးရေး ဂိတ်များကို တပ်မတော်အရာရှိ၊ ကေအိုင်အေ အရာရှိများက ကြီးကြပ်ကြသည်။ ဂိတ်ကြေး ကောက်ခံကြသော်လည်း ရာထူးကြီး ဗိုလ်ချုပ်များ၏ ကားများကို အခမဲ့ ဖြတ်သန်းခွင့် ပြုသည်။[၇၀] | မိုးကုတ်မှ တောင်ဘက် ပြင်ဦးလွင်သို့၊ အရှေ့မြောက် တရုတ်သို့ ရှမ်းပြည်ကိုဖြတ်၍ လမ်းသစ်ဖောက်လုပ်နေသည်ဟု စတိတ်ဟိုဒါများက ဆိုသည်။ လမ်းတလျှောက် အမည်မသိ လက်နက်ကိုင်အဖွဲ့များ လှုပ်ရှားနေခြင်း၊ ပိုက်ဆံတောင်းခြင်း နှင့်/ သို့မဟုတ် ကားသမားများကို ခြိမ်းခြောက်ခြင်းများကြောင့် အန္တရာယ်ရှိသည့် လမ်းဖြစ်သည်။ | ထိုင်းသို့ ပေါက်သည့် လမ်းနှင့် နယ်စပ်ဂိတ်ကို လက်နက်ကိုင် အုပ်စုများ (အစိုးရနောက်ခံ ပြည်သူ့စစ် နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း) ထိန်းချုပ်ထားသည် ဖြစ်သောကြောင့် လမ်းအသုံးပြုခ ကောက်ခံခြင်းများ ပေါ်ပေါက်လာနိုင်ဖွယ် ရှိသည်။ |

၆၈ Fabienne Bernhardt, *Natural Resources and Peacemaking: The Link Between Myanmar's Jade Wealth and the Civil Conflict in Its Northern Borderlands* (Institut des Hautes Études Internationales et de Développement, 2017), 67.

၆၉ Transparency and Accountability Network for Kachin State (TANKS), *Beyond Liability: Preliminary Report on Jade Mining*, 31–33.

၇၀ Bernhardt, *Natural Resources and Peacemaking*, 33, and TANKS, *Beyond Liability* (n.d.), 31–33.

## ၄။ ထည့်သွင်းစဉ်းစားရမည့် အချက်များ

ပတ္တမြားသည် မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတ နှင့် ပဋိပက္ခကြား အဆက်အစပ်ကို ဖော်ပြနေသည့် ဥပမာ တစ်ခုသာ ဖြစ်သည်။ လက်နက်ကိုင် တိုက်ခိုက်မှုအတွက် ဆုလဒ် သို့မဟုတ်၊ ငြိမ်းချမ်းရေး ညှိနှိုင်းမှုများကို အနှောင့်အယှက် ဖြစ်စေမည့်အစား အခြား သဘာဝ သယံဇာတများကဲ့သို့ပင် ပတ္တမြားသည် နိုင်ငံအဆင့်၊ ဒေသအဆင့် တိုးတက်မှု၏ အစိတ်အပိုင်းတစ်ခု ဖြစ်သင့်သည်။ ပတ္တမြားလုပ်ငန်းနှင့် ပတ်သက်ပြီး လေ့လာမှုများ ပြုလုပ်ရန် များစွာ လိုအပ်နေပါသေးသည်။ ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရန် အစီအစဉ် ချသည့်အခါနှင့် သုတေသန ပြုလုပ်သည့်အခါတွင် အောက်ဖော်ပြပါ အကြောင်းအရာများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

### ပတ္တမြား၏ မြန်မာနိုင်ငံ ပဋိပက္ခနှင့် စီးပွားရေးတွင် အရေးပါမှုကို ပြည့်စုံစွာ နားလည်ထားရန် လိုသည်။

ယခုစာတမ်းအတွက် ပြုလုပ်ခဲ့သည့် လေ့လာမှုများအရ ရှေ့လုပ်ငန်းစဉ်များကို ခိုင်ခိုင်မာမာ တင်ပြနိုင်ရန်အတွက် သိရှိထားမှုမှာ အနည်းငယ်သာရှိသည် သို့မဟုတ် အလုပ်ဖြစ်အောင် သိရှိရခြင်း မရှိကြောင်း သိရသည်။ နောက်တွင်ဖော်ပြမည့် အကြောင်းအရာများ၊ စဉ်းစားချက်များအပြင်၊ ပတ္တမြားလုပ်ငန်း လေ့လာမှုပိုင်း တိုးတက်စေရန် အသေးစိတ် ဆောင်ရွက်ရမည့် ကိစ္စအများအပြား ရှိသည်။

- *ပတ္တမြားလုပ်ငန်းတွင်း လည်ပတ်နေသည့် ပမာဏကို မှန်းဆရန်* – လက်ရှိ လည်ပတ်နေသည့် တရားဝင် စီးပွားရေး၊ မှောင်ခိုစီးပွားရေးတွင် ပတ္တမြား၏ အရေးပါမှု၊ အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သည့် အခြေအနေများကို သိရှိရန်အတွက် တန်ဖိုး ပမာဏကို ဆန်းစစ်ရန် လိုသည်။ အနာဂတ်တွင် တူးဖော်မည့် ကျောက်တွင်းများ၏ ဘူမိဗေဒ အနေအထားကို ပိုင်ပိုင်နိုင်နိုင် သိရှိပါက မှန်းဆရာတွင် နီးစပ်စေမည်ဖြစ်သည်။

- *မိုင်းရှုးတွင် ကျောက်လုပ်ငန်း လည်ပတ်နေပုံ သဘောသဘာဝကို ဆက်လက်ဖော်ထုတ်ရန်* – ပဋိပက္ခ အများဆုံး ဖြစ်ပွားနေသည့် ပတ္တမြားထုတ်လုပ်ရာ ဒေသဖြစ်သည်။ ဒေသတွင်း စီးပွားရေးတွင် ပတ္တမြား အရေးပါပုံကို နားလည်နိုင်ရန်၊ အနာဂတ် စီမံမှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန် ပတ္တမြားထုတ်လုပ်သည့် ဒေသမှ ရပ်ရွာများနှင့် ဆွေးနွေးခြင်း ပြုလုပ်ရန် လိုအပ်သည်။

- *တိုင်းရင်းသား လက်နက်ကိုင်များနှင့် ချိတ်ဆက်ထားသည့် ကုမ္ပဏီများကို ဖော်ထုတ်ရန်၊ ၎င်း ကုမ္ပဏီများ ပတ္တမြားလုပ်ငန်းတွင်း ပါဝင်နေမှုကို ဖော်ထုတ်ရန်* – စစ်တပ်နှင့် ချိတ်ဆက်ထားသည့် ကုမ္ပဏီများအကြောင်းကို ပို၍ လူသိများသည်။ စစ်တပ်ပိုင် လုပ်ငန်းများသည် ပတ္တမြားလုပ်ငန်းတွင် အဓိက အစုအဖွဲ့များ ဖြစ်သည်မှာ ငြင်းမရသည့် အမှန်တရားဖြစ်သည်။ သို့သော်လည်း လုပ်ကွက်ချထားပေးရာတွင် ပွင့်လင်းမှု မရှိခြင်းကြောင့် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများ ပိုင်ဆိုင်မှုပုံစံကို အတိအကျ ဖော်ထုတ်ရန် လိုအပ်သည်။

### ပတ္တမြား အပါအဝင် ကျောက်မျက်ကဏ္ဍတွင် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု အားကောင်းအောင် ဆောင်ရွက်ရန်

သတင်းအချက်အလက်များ ရှားပါးခြင်းကြောင့် မြန်မာ့ကျောက်မျက်ကဏ္ဍ ပြုပြင်မှုများ၊ စောင့်ကြည့်ထိန်းကျောင်းမှုများ ပြုလုပ်ရာတွင် အတားအဆီးများ ဖြစ်ပေါ်စေသည်။ အဓိကလိုအပ်နေသည့် အစိုးရ၊ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတကာ လုပ်ငန်းများမှ စောင့်ကြည့်မှုများ ပြုလုပ်နိုင်ရန်အတွက် ပွင့်လင်းမြင်သာမှု ရှိရန် လိုအပ်သည်။ သိက္ခာရှိ တာဝန်သိ ဝယ်ယူမှုကို အလေးထားလာသည် ဖြစ်သောကြောင့် ပဋိပက္ခ စီးပွားရေးကို ရေလောင်းသည့်သဖွယ် မဖြစ်စေရန်အတွက် အနောက်ကုမ္ပဏီများသည် စစ်ကို အထောက်အပံ့ ဖြစ်စေသည့် ကုမ္ပဏီများမှ ဝယ်ယူခြင်းကို ရှောင်ရှားကြတော့မည် ဖြစ်သည်။ တရုတ်ကုမ္ပဏီများ၏ စီးပွားရေး အလေ့အထသည် မြန်မာနိုင်ငံတွင်း မငြိမ်သက်မှုများကို ဖြစ်ပေါ်စေသည်ကို ၎င်းတို့ကိုယ်တိုင် ပို၍ သဘောပေါက်လာကြသည်။ ဖော်ပြခဲ့ပါ အခြေအနေများကြောင့် နိုင်ငံတကာ ဈေးကွက်တွင် မြန်မာ့ပတ္တမြားကို ရှောင်ကျဉ်ရန် မဆိုလိုပါ။ သို့သော်လည်း စစ်ပွဲတွင် အသုံးပြုခြင်းထက် တိုင်းပြည် တိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် အနာဂတ်တွင် သိက္ခာရှိ၊ တာဝန်သိ ဝယ်ယူမှုများ၊ အကျေအလည် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ရန် ဖြစ်ပါသည်။

ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများ တိုးတက်လာစေရန် အောက်ပါအဆင့်များကို ဆောင်ရွက်ရန် လိုအပ်သည်။

- *လိုင်စင်၊ အခွန်ဝင်ငွေ စီမံ သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှု တိုးတက်လာစေရန် ဆောင်ရွက်ရမည်* – အမှန်တကယ် အကျိုးခံစားရသူကို သိရှိနိုင်ရန်၊ ကျောက်မျက်ဝင်ငွေဆိုင်ရာ အချက်အလက်များ ရရှိရန်အတွက် အတွင်းလူကို အားကိုးရသည့်စနစ်ကို အဆုံးသတ်နိုင်ရန်နှင့် ကျောက်မျက်အရောင်းအဝယ်တွင် ပါဝင်နေသူများ၏ အကျိုးအမြတ်များကို သိရှိနိုင်ရန် ပွင့်လင်းမြင်သာမှု လိုအပ်သည်။

- *EITI အစီရင်ခံစာတွင် ကျောက်မျက်ကုမ္ပဏီများ ပါဝင်မှုကို မြှင့်တင်ရန်* – မြန်မာနိုင်ငံ၏ သဘာဝသယံဇာတနှင့်ပတ်သက်သည့် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု တိုးတက်လာစေရန်အတွက် EITI သည် အရေးပါသည့် လမ်းကြောင်းတစ်ခု ဖြစ်သည်။ သို့သော်လည်း လက်ရှိ ဆောင်ရွက်ပုံများသည် ကျောက်မျက်ကဏ္ဍအတွက် ထိရောက်မှု မရှိပဲ ဖြစ်နေသည်။ ကျောက်မျက်ပြပွဲတွင် ရရှိလာသည့် အချက်အလက်များပေါ်တွင် အခြေခံကာ အစီရင်ခံစာ ပြုစုခြင်းအပြင် ပါမစ်၊ ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ၊ ဝင်ငွေသတ်မှတ်ချက်များ လျှော့ချခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် EITI တွင် ကျောက်မျက်ကုမ္ပဏီများ ပါဝင်မှုကို မြှင့်တင်ကာ ဖြေရှင်းနိုင်ပါသည်။

- *ပွင့်လင်းမြင်သာမှု အားကောင်းလာစေရန် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် သိက္ခာရှိ၊ တာဝန်သိဝယ်ယူမှုဆိုင်ရာ သတ်မှတ်ချက်များ ကျင့်သုံးပါ* – ဝင်ငွေ၊ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူနှင့် ဆိုသည့် အချက်အလက်များကို ဖော်ထုတ်နိုင်ရန် သုတေသနများ ဆက်လက် ဆောင်ရွက်နိုင်ပါက မြန်မာ့ပတ္တမြားလုပ်ငန်းတွင် ဝင်ရောက်လိုသည့် နိုင်ငံတကာ ကုမ္ပဏီများကို အာမခံချက် အပြည့်အဝ ပေးနိုင်မည်ဖြစ်သည်။ ဖြစ်နိုင်ချေတစ်ခုမှာ ထွက်ရှိရာဒေသ ခြေရာခံသည့် လုပ်ငန်းစဉ်တစ်ခု (traceability scheme) ဖော်ထုတ်ခြင်းဖြစ်သည်။ ထွက်ရှိရာဒေသ ဖော်ပြခြင်းဖြင့် ရောင်းချသည့် ကျောက်မျက် ဈေးကောင်းရရန် ရည်ရွယ်ကာ ဆောင်ရွက်ရန် ဖြစ်သည်။ ကျောက်မျက်နှင့်ဆိုင်ပြီး ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း နှင့် ခင်ရာခင်ကြောင်း ရောင်းဝယ်သည့် အချိတ်အဆက်များသည် Kimberley Process အတိုင်း ဆောင်ရွက်နိုင်မှုကို အခက်အခဲ တွေ့စေနိုင်သည်။ ၂၀၁၆ ခုနှစ်တွင်၊ Responsible Jewellery Council အနေဖြင့် ၎င်း၏ အသိအမှတ်ပြုလွှာ ထုတ်ပေးသည့် အစီအစဉ်တွင် ကျောက်မျက်များကို ထည့်သွင်းရန် ရည်ရွယ်ထားကြောင်း ကြေညာခဲ့သည်။[၇၁] မြန်မာနိုင်ငံမှ ကျောက်အချို့၏ ထွက်ရှိရာဒေသကို အတည်ပြုပေးနိုင်မည် ဖြစ်သည်။

## ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေး ဂယက်များကို ဖြေရှင်းနေသူများကို အထောက်အပံ့ ပေးရန်၊ အထူးသဖြင့် ပဋိပက္ခများကို ငွေကြေးပံ့ပိုးမှုများ ဖြစ်စေသည့် ကျောက်မျက်ကဏ္ဍကို ကြပ်မတ် ဆောင်ရွက်ရန်

လက်ရှိ မြန်မာ့အခြေအနေတွင် အာဏာရှိသူများသည် ဘဏ္ဍာရေးနှင့် မကင်းကြသူများ ဖြစ်ကာ လက်နက်ကိုင် အင်အားစုများ၏ ထောက်ခံမှုများဖြင့် ရပ်တည်နေကြသည်။ ရွေးကောက်ခံ အစိုးရသစ်လက်ထက်မှာပင် ဆယ်စုနှစ်အတွင်း အပြင်းထန်ဆုံး စစ်ပွဲများ ဖြစ်ပွားနေသည်။ စစ်ဖြစ်ပွားနေခြင်းကြောင့် အရပ်သားအစိုးရ ကြီးကြပ်မှု သို့မဟုတ်၊ တိုင်းရင်းသား ရပ်ရွာများ၏ ပါဝင်မှု ဖော်ထုတ်ခြင်း၊ ကဏ္ဍစီမံမှုတွင် ဒေသခံအစိုးရများ ပါဝင်စေခြင်း အစရှိသော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် အားလျော့စေခဲ့သည်။ ပတ္တမြားသည် စစ်အသုံးစရိတ်အတွက် အဓိကကျသည့် လုပ်ငန်းမဟုတ်သော်လည်း၊ ငြိမ်းချမ်းရေး ညှိနှိုင်းမှုတွင် လိုအပ်သည့် လက်နက်ကိုင် အစုအဖွဲ့များကို နိုင်ငံရေး၊ စီးပွားရေး အလျော့

၇၁ RJC to Expand Scope to Include Colored Stones," *National Jeweler,* 22 March 2016, http://www.nationaljeweler.com/diamonds-gems/social-issues/4047-rjc-to-expand-scope-to-include-colored-stones.

ပေးမှု မပြုလုပ်ပဲ တင်းခံစေရန် အားပေးသည့် စီးပွားရေးစနစ်၏ အစိတ်အပိုင်းဖြစ်သည်။[၇၂] အောက်ဖော်ပြပါ ကိစ္စများအတွက် ရည်ရွယ်ဆောင်ရွက်ပါက လက်ရှိ ဆွေးနွေးမှုများသည် ငြိမ်းချမ်းရေးနှင့် ကျောက်မျက်လုပ်ငန်း အမြတ်အစွန်းကြား ဆက်နွယ်မှုကို လှုပစေမည်ဖြစ်သည်။

- *ငြိမ်းချမ်းရေး၊ ကျောက်မျက်ကဏ္ဍ စီမံမှုကိစ္စ ဆွေးနွေးမှုများတွင် နစ်နာရသည့် ရပ်ရွာများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်း စတိတ်ဟိုဒါများကို နေရာပေး ပါဝင်စေရန်* – ပဋိပက္ခကို အထောက်အပံ့ ပေးနေသည့် သဘာဝ သယံဇာတများ ကိစ္စကို ငြိမ်းချမ်းရေး ဆွေးနွေးမှု ပြုလုပ်ရာတွင် ထည့်သွင်းဆွေးနွေးနိုင်ရန်အတွက် ၎င်းကိစ္စများကို အထူး ဝါယမစိုက် ဆောင်ရွက်နေသည့် အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ ရပ်ရွာများနှင့် အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်သည်။ ဥပမာအားဖြင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ စုပေါင်း၍ ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် သဘာဝ သယံဇာတ စီမံမှုဆိုင်ရာ အခြေခံမူများကို ထုတ်ပြန်ခဲ့သည်။[၇၃] ငြိမ်းချမ်းရေး ဆွေးနွေးမှုများတွင် သဘာဝ သယံဇာတ ကိစ္စသည် အရေးပါသည့် အကြောင်းအရာတစ်ခု ဖြစ်သည့်တိုင်အောင် နေပြည်တော်ရှိ ငြိမ်းချမ်းရေး ဆွေးနွေးမှုတွင် သဘာဝ သယံဇာတ စီမံမှုဆိုင်ရာ နည်းပညာပိုင်း ပြုပြင်ပြောင်းလဲမှုများ ပါဝင်လေ့ မရှိပါ။

- *လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဆွေးနွေးမှုတွင် ပဋိပက္ခ လက်သည် အစုအဖွဲ့များကို ထောက်ပံ့ပေးနေသည့် ကျောက်မျက်ကဏ္ဍအကြောင်း ထည့်သွင်းဆွေးနွေးပါ* – လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဆွေးနွေးရာတွင်၊ နိုင်ငံတွင်း လှုပ်ရှားနေသည့် လက်နက်ကိုင် အစုအဖွဲ့များနှင့် ကုမ္ပဏီများ ချိတ်ဆက်မှု သုံးသပ်ချက်ကို ထည့်သွင်းရန်၊ အထူးသဖြင့် တိုင်းရင်းသားဒေသ သယံဇာတ ထုတ်ယူမှု သုံးသပ်ချက်ကို ထည့်သွင်းရန် ဖြစ်သည်။ စီးပွားရေးအတွင်း စစ်တပ်လွှမ်းမိုးမှု လျော့ချရာတွင် အတိုက်အခံများ ပေါ်ပေါက်လာနိုင်သည်ကို စတိတ်ဟိုဒါများအနေဖြင့် သတိထားရန် လိုသည်။ အချို့သော စစ်တပ်နောက်ခံ ကုမ္ပဏီများသည် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများ စတင်နေပြီကိုလည်း သတိပြုရန် လိုအပ်သည်။

## အနာဂတ် ကျောက်မျက်စီမံမှု ဆွေးနွေးမှုများ၊ အစီအစဉ် ချမှတ်ခြင်းများတွင် ပါဝင်ရန်

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ညှိနှိုင်းမှုတွင် သဘာဝ သယံဇာတ ဝင်ငွေခွဲဝေမှု၊ လုပ်ပိုင်ခွင့် ခွဲဝေမှု ပါဝင်သည့် စနစ်များ ပါဝင်နိုင်ဖွယ်ရှိသည်။ မြန်မာနိုင်ငံ၏ အခြားသော သဘာဝ သယံဇာတများကဲ့သို့ပင် ပတ္တမြားနှင့် ကျောက်မျက်များကို အစိုးရနှင့် အဆက်အသွယ်ပြတ် ဝေးလံသည့် ဒေသ၊ စစ်တပ်ကို ရွံရှာသည့် တိုင်းရင်းသား ဒေသများမှ ထုတ်ယူလေ့ရှိကြသည်။ လက်ရှိ ထွက်နေသည့်၊ အနာဂတ်တွင် တူးဖော်ထုတ်လုပ်မည့် သဘာဝ သယံဇာတ စီမံမှုတာဝန်များ ခွဲဝေမှု၊ အကျိုးအမြတ် ခွဲဝေမှုအတွက် အသုံးပြုနိုင်သည့် ပုံစံအမျိုးမျိုး ရှိသည်။ မည်သည့်ပုံစံတွင်မဆို အပြန်အလှန် ဆွေးနွေးမှု၊ စောင့်ကြည့် ထိန်းကျောင်းမှု လိုအပ်သည်။ ယင်းပုံစံများ အကောင်အထည်ဖော်ရာတွင် အဓိကကျသည့် အဆင့်များမှာ –

---

၇၂ ယင်းဒေသတွင် လှုပ်ရှားနေသော လက်နက်ကိုင်အစုအဖွဲ့ – စစ်တပ်၊ အစိုးရတို့နှင့် သက်ဆိုင်ခြင်း မရှိသည့် အစုအဖွဲ့များပါ အကျိုးအမြတ် တစ်ခုတည်းကြောင့် ရပ်တည်နေကြခြင်း မဟုတ်ပါ။ သဘာဝ သယံဇာတသည် ဒေသလက္ခဏာတွင် အယူအဆရေးရာအရ၊ နိုင်ငံရေးအရ နက်နက်ရှိုင်းရှိုင်း ဆက်နွယ်နေနိုင်သည်။ ဥပမာ ကချင်ပြည်နယ်နှင့် ကျောက်စိမ်း အဆက်အစပ်သည် ထင်ရှားသည့် ဥပမာဖြစ်သည်။ စစ်တပ်ကလည်း ၎င်းသည်သာလျှင် သူတလူ ငါတမင်း ဖြစ်နေသည့် နိုင်ငံ မပြိုကွဲရလေအောင် ထိန်းသိမ်းနိုင်သည့် တစ်ခုတည်းသော အင်အားစုဖြစ်သည်ဟု ခံယူထားပြီး၊ စီးပွားရေးအရ ပေါင်းစည်းမှုသည် မပြိုကွဲရေးအတွက် အသုံးတည့်သည့် နည်းလမ်းတစ်ခုဖြစ်သည်ဟု ယူဆထားသည်။ (See David Steinberg, “Burma/Myanmar: The Role of the Military in the Economy,” *Burma Economic Watch* 1 (2005), 53.)

၇၃ Myanmar Alliance for Transparency and Accountability (MATA), “The 21st Century Panglong Process Must Set a New Approach for Natural Resource Management,” last modified 23 May 2017, https://www.facebook.com/permalink.php?story_fbid=1504539409616416&id=672103292860036.

- *ပတ္တမြားကဏ္ဍ တာဝန်နှင့် အကျိုးအမြတ်များ ခွဲဝေ စီမံရန်အတွက် ပဋိပက္ခ မဖြစ်စေပဲ အားလုံးကို ခြုံငုံနိုင်သည့် စနစ်တစ်ခု သတ်မှတ်ခြင်း* – ကိုယ်စားပြုမှု နှင့် တန်းတူညီမျှမှု ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆိုင်သည့် ဆွေးနွေးမှုတွင် သယံဇာတများ စီမံမှုကို ထည့်သွင်းဆွေးနွေးပါက အကောင်းဆုံးဖြစ်သည်။ ဒေသ သဘာဝ သယံဇာတ ပျက်ဆီးမှု၊ ရရှိလာမည့် ဝင်ငွေများကြောင့် ပေါ်ပေါက်လာသည့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများ၊ တူးဖော်ခြင်း၊ ရောင်းချခြင်းမှ ရရှိလာသည့် အကျိုးအမြတ်များ ရရှိထိုက်သူ သတ်မှတ်ခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒများ ကျင့်သုံးမှု ပေါ်ပေါက်စေရန် ဆောင်ရွက်ခြင်းကိစ္စများ ပါဝင်လျက် ဆွေးနွေးပါက သင့်တော်မှု အရှိဆုံးဖြစ်သည်။ အသေးစိတ်ကို ၂၀၁၆ တွင် NRGI က ထုတ်ဝေခဲ့သည့် Sharing the Wealth: A Roadmap for Distributing Myanmar’s Natural Resource Revenues နှင့် ၂၀၁၈ တွင် ထုတ်ဝေခဲ့သည့် Natural Resource Federalism: Considerations for Myanmar တွင် ဖော်ပြထားပါသည်။

- *ငြိမ်းချမ်းရေး စတိတ်ဟိုဒါများ၏ သဘာဝ သယံဇာတ ဆိုင်ရာ အစီအစဉ်များတွင် ပတ္တမြားနှင့် အခြား ကျောက်မျက်များ ထည့်သွင်းရန်အတွက် တိုက်တွန်းပါ* – ကျောက်စိမ်းကဏ္ဍ လုပ်ငန်းဆောင်ရွက်ပုံနှင့်ပတ်သက်ပြီး ကာလရှည်ကြာ စွဲကပ်လာသည့် မကျေနပ်မှုများ၏ ရလဒ်အနေဖြင့် ကချင်ပြည်နယ်ရှိ အချို့ အဖွဲ့များသည် သဘာဝ သယံဇာတ ဝင်ငွေခွဲဝေမှုပေါ်တွင် ပို၍ အာရုံစိုက်လာကြသည်။ သို့သော်လည်း ကျောက်မျက်နှင့် အခြား ရတနာတွင်း အနီးအနားမှ ရပ်ရွာများ၏ တောင်းဆိုသံများမှာ ပြင်းထန်မှု မရှိလှပါ သို့မဟုတ် စနစ်မကျလှပါ။ သဘာဝ သယံဇာတ ဝင်ငွေ၊ ပြုပြင်ပြောင်းလဲရေးတို့နှင့် ဆိုင်သည့် ခေါင်းစဉ်များကို ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ထည့်သွင်းခြင်းသည် ရေရှည် ပတ္တမြားကဏ္ဍ စီမံမှု ကောင်းမွန်လာစေရန်၊ အားလုံး ပါဝင်လာစေရန်အတွက် အရေးကြီးသည့် လမ်းကြောင်းတစ်ခုဖြစ်သည်။

- *ငြိမ်းချမ်းရေးနှင့် လုပ်ကွက်လဲလှယ်ခြင်းထက် ပိုသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆောင်ရွက်ရန်* – ကောင်းမွန်သည့် သယံဇာတ ခွဲဝေမှုဟု ဆိုရာတွင် အပစ်အခတ် ရပ်စဲရေးနှင့် လုပ်ကွက်လဲလှယ်ခြင်းကို မဆိုလိုကြောင်းကို သိထားရန် အရေးကြီးသည်။ လက်နက်ကိုင် အစုအဖွဲ့များနှင့် နိုင်ငံရေးသဘောတူညီချက် မဟုတ်သည့် အပေးအယူအတွက် ကျောက်တွင်းများကို အသုံးပြုခြင်း၏ ပြဿနာမှာ ဂယက်ထနေဆဲ ဖြစ်သည်။ သဘာဝ သယံဇာတကို အသုံးပြုပြီး ဖြစ်ပွားနေသည့် စစ်ပွဲရပ်ဆိုင်းခြင်းများ ရှိသော်လည်း၊ ပတ္တမြား အရောင်းအဝယ် ပြုလုပ်ရန်အတွက် စစ်တပ်ကို အားကိုးရသဖြင့် စားကျက်လုမှုများကို ဖြစ်ပွားစေသည်။ ငြိမ်းချမ်းရေး ဆွေးနွေးရာတွင် နိုင်ငံရေးအစား စီးပွားရေးကို ဦးစားပေးသည့် လမ်းကြောင်းကို ဖြစ်ပေါ်စေသည်။ လိုင်စင်လုပ်ငန်းတွင်လည်း ဘက်လိုက်မှုများကို ဖြစ်ပေါ်စေသည်။ သိက္ခာရှိ မှန်မှန်ကန်ကန် ဆောင်ရွက်မည့် ကုမ္ပဏီများ လိုင်စင်ရရန်အတွက် အတားအဆီးများ ဖြစ်စေသည်။ စစ်မှန်သည့် ငြိမ်းချမ်းရေးတွင် ပတ္တမြားအရောင်းအဝယ်မှ ရသည့် အကျိုးအမြတ်များကို အများပြည်သူ ခံစားနိုင်ရန် လမ်းစဖော်ပေးခြင်း ဖြစ်သည်။ လူတစ်စု ကောင်းစားရေးအတွက် သယံဇာတ တူးဖော်နိုင်ရန် စစ်ပွဲများ ရပ်ဆိုင်းခြင်း မဟုတ်ပါ။

## ကျမ်းကိုးစာရင်း


Adam Smith International. *Institutional and Regulatory Assessment of the Extractive Industries in Myanmar.* The World Bank, 2015. http://documents.worldbank.org/curated/en/843921468179973121/executive-summary.

Agence France-Presse. “Making a Living in Mogok, the ‘Land of Rubies,’ Has No Guarantee of a Sparkling Future.” *Young Post: South China Morning Post,* 15 January 2017. http://yp.scmp.com/news/features/article/105348/making-living-mogok-‘land-rubies’-has-no-guarantee-sparkling-future.

“Agreement between the State-Level Peace-Making Team and the Shan State Progressive Party/Shan State Army.” Dated 28 January 2012. Published by *The New Light of Myanmar,* 30 January 2012. http://peacemaker.un.org/sites/peacemaker.un.org/files/MN_120128_Agreement between State Level Peacemaking Team and Shan State.pdf.

Alternative Asean Network on Burma (ALTSEAN-BURMA). “Ethnic Issues Chronology 2014.” Accessed 23 August 2017. http://www.altsean.org/chronology/chronology2014/ethnicIssueschronology2014.htm.

Archuleta, Jennifer-Lynn. “The Color of Responsibility: Ethical Issues and Solutions in Colored Gemstones.” *Gems & Gemology* 52, no. 2 (Summer 2016). http://www.gia.edu/sites/satellite?c=page&cid=1495237975377&childpagename=gia/page/ggarticledetail&pagename=gia/wrapper&wrapperpage=gia/wrapper.

Aw, Sai. “Renewed Fighting Erupts between Burma Army and SSPP/SSA in Mong Hsu.” *Shan Herald Agency for News,* 23 August 2017. http://english.panglong.org/2017/08/23/renewed-fighting-erupts-between-burma-army-and-ssppssa-in-mong-hsu.

Bauer, Andrew, Lorenzo Delesgues and Paul Shortell. *Sharing the Wealth: A Roadmap for Distributing Myanmar’s Natural Resource Revenues.* Natural Resource Governance Institute, 2016. https://resourcegovernance.org/analysis-tools/publications/sharing-wealth-roadmap-distributing-myanmars-natural-resource-revenues.

Bauer, Andrew, Natalie Kirk and Sebastian Sahla. *Natural Resource Federalism: Considerations for Myanmar. Natural Resource Governance Institute,* 2018. https://resourcegovernance.org/analysis-tools/publications/natural-resource-federalism-considerations-myanmar

Bernhardt, Fabienne. Natural Resources and Peacemaking: *The Link Between Myanmar’s Jade Wealth and the Civil Conflict in Its Northern Borderlands.* Institut des Hautes Études Internationales et de Développement, 2017.

Binningsbø, Helga Malmin and Kendra Dupuy. “Using Power-Sharing to Win a War: The Implementation of the Lomé Agreement in Sierra Leone.” Africa Spectrum 44, no. 3 (2009). https://journals.sub.uni-hamburg.de/giga/afsp/article/view/193.

Buchanan, John. *Militias in Myanmar.* The Asia Foundation, 2016. http://asiafoundation.org/wp-content/uploads/2016/07/militias-in-myanmar.pdf.

Burton, Eli. “Reverse the Curse: Creating a Framework to Mitigate the Resource Curse and Promote Human Rights in Mineral Extraction Industries in Africa.” *Emory International Law Review* 28, no. 1 (2014). http://law.emory.edu/eilr/content/volume-28/issue-1/comments/reverse-the-curse-human-rights-africa.html.

Christie’s. “The Crimson Flame Ruby Sets a World Auction Record at Christie’s Hong Kong.” Press release from 1 December 2015. http://www.christies.com/about-us/press-archive/details?pressreleaseid=8190&lid=1&mob-is-app=false.

Collet, Léa, Laura Curtze and Kathrin Reed. *Responsible Sourcing of Colored Gemstones.* Institut de Hautes Études Internationales et du Développement, 2013. http://www.responsiblejewellery.com/files/responsible-sourcing-of-colored-gemstones_ars-final-report_-collet-curtze-reed.updated.pdf.

Eleven Myanmar. “IRD Honours Top Tax Payers.” Eleven Myanmar, 11 April 2017. http://www.elevenmyanmar.com/business/8799.

Felbab-Brown, Vanda. “How Illicit Economies in Myanmar Help Sustain Conflict and Underpin Peace.” *Brookings,* 24 April 2017. https://www.brookings.edu/blog/order-from-chaos/2017/04/24/how-illicit-economies-in-myanmar-help-sustain-conflict-and-underpin-peace.

Felbab-Brown, Vanda. *Myanmar Maneuvers: How to Break Political-Criminal Alliances in Contexts of Transition.* United Nations University Centre for Policy Research, 2017. https://i.unu.edu/media/cpr.unu.edu/attachment/2445/myanmar-maneuvers-how-to-breakpolitical-criminal-alliances-in-contexts-of-transition.pdf.

The Fund for Peace. “The Effect of the Kimberley Process on Governance, Corruption, & Internal Conflict.” Globalization & Human Rights, 2006. https://www.files.ethz.ch/isn/44675/2006_march.pdf.

Global Witness. *Jade: Myanmar’s ‘Big State Secret.’* Global Witness, 2015. https://www.globalwitness.org/en/campaigns/oil-gas-and-mining/myanmarjade.

Hammond, Clare. “Military-Owned MEHL Applies to Become Public Company.” *Myanmar Times,* 1 April 2016. http://www.mmtimes.com/index.php/business/19799-militaryowned-mehl-applies-to-become-public-company.html.

Heller, Patrick and Lorenzo Delesgues. *Gilded Gatekeepers: Myanmar’s State-Owned Oil, Gas and Mining Enterprises.* Natural Resource Governance Institute, 2016. https://resourcegovernance.org/analysis-tools/publications/gilded-gatekeepers-myanmars-state-owned-oil-gas-and-mining-enterprises.

Htay, Hla Hla. “Myanmar’s Elusive Gift from God.” *Agence France-Presse,* 17 February 2017. https://correspondent.afp.com/myanmars-elusive-gift-god.

Htwe, Chan Mya. “Jade Sales at 54th Gem Emporium down Due to Poorer Quality.” *Myanmar Times,* 14 August 2017. http://www.mmtimes.com/index.php/business/27245-jade-salesat-54th-gem-emporium-down-due-to-poorer-quality.html.

Htwe, Ko. “PaO Seek Party Registration.” *The Irrawaddy,* 5 April 2010. http://election.irrawaddy.com/news/240-pao-seek-party-registration.html.

Hughes, Richard. “World Sources: Burmese Ruby & Sapphire | Pt. 4.” *Ruby & Sapphire.* Last modified 7 March 2013. http://www.ruby-sapphire.com/r-s-bk-burma4.htm.

Hughes, Richard. “World Sources: Burmese Ruby & Sapphire | Pt. 12.” *Ruby & Sapphire.* Last modified 7 March 2013. http://www.ruby-sapphire.com/r-s-bk-burma.htm.

Hughes, Richard and Olivier Galibert. “Mong Hsu Ruby: Flux Healing Treatment.” *Ruby & Sapphire.* Last modified 29 January 2014. http://www.ruby-sapphire.com/foreign-affairs.htm.

International Crisis Group. *Myanmar Backgrounder: Ethnic Minority Politics.* International Crisis Group, 2003. https://d2071andvip0wj.cloudfront.net/52-myanmar-backgrounderethnic-minority-politics.pdf.

Irwin, Emma. *MEITI Gemstone Sector Review* 2016. Myanmar Extractive Industries Transparency Initiative, 2016. http://www.mata-nrg.org/publications/myanmar-eiti-gemstone-sector-review-190716-final-1.

Irwin, Emma and Paul Shortell. *Governing the Gemstone Sector: Lessons from Global Experience.* Natural Resource Governance Institute, 2017. https://resourcegovernance.org/analysis-tools/publications/governing-gemstone-sector-lessons-global-experience

Kawamoto, Kazumi. “Diamonds in War, Diamonds for Peace: Diamond Sector Management and Kimberlite Mining in Sierra Leone.” In *High-Value Natural Resources and Peacebuilding,* edited by Päivi Lujala and Siri Aas Rustad. London: Earthscan, 2012. https://environmentalpeacebuilding.org/assets/documents/libraryitem_000_doc_089.pdf.

Kramer, Tom. *Neither War nor Peace: The Future of the Cease-Fire Agreements in Burma.* Transnational Institute, 2009. https://www.tni.org/en/publication/burma-neither-

war-nor-peace.

Kyaw, Aye Thidar. "Annual List of Top Taxpayers Shows Payments Rising." *Myanmar Times,* 22 March 2016. http://www.mmtimes.com/business/19586-annual-list-of-top-taxpayersshows-payments-rising.html.

Kyaw, Ko Ko. "Mogok Residents Seek Amendments to Gemstones Law." *Myanmar Times,* 17 August 2017. http://www.mmtimes.com/index.php/national-news/mandalay-uppermyanmar/27308-mogok-residents-seek-amendments-to-gemstones-law.html.

Lehman, FK (Chit Hlaing). "The Central Position of the Shan/Tai as 'Knowledge Brokers' in the Inter-Ethnic Network of the China-Burma (Myanmar) Borderlands." School of Oriental and African Studies, University of London, 2007. https://eprints.soas.ac.uk/5293/2/10chithlaing-shan_paper.pdf.

Maconachie, Roy. "Diamonds, Governance and 'Local' Development in Post-Conflict Sierra Leone: Lessons for Artisanal and Small-Scale Mining in Sub-Saharan Africa?" *Resources Policy* 34 (2009): 71–79. doi:10.1016/j.resourpol.2008.05.006.

Maconachie, Roy and Tony Binns. "Beyond Greed and Grievance in Sierra Leone: Can Diamonds Play a Role in Post-Conflict Reconstruction?" *Zeitschrift Für Wirtschaftsgeographie* 51, no. 2007 (n.d.): 163–175.

Mindat. "Ruby: Ruby Mineral Information and Data." Accessed 23 August 2017. https://www.mindat.org/show.php?id=3473&ld=1#themap.

Moe, Wai. "Nay Win Tun: Burma's Gem Stone Tycoon." *The Irrawaddy,* 31 October 2007. http://www2.irrawaddy.com/article.php?art_id=9164.

Murphy, Erin, Peter Kucik and Zachary Harris. *Step by Step: Myanmar Gem Sector Emerges from Isolation and U.S. Sanctions. American Gem Trade Association,* 2016.

Myanmar Alliance for Transparency and Accountability (MATA). "The 21st Century Panglong Process Must Set a New Approach for Natural Resource Management." Last modified 23 May 2017. https://www.facebook.com/permalink.php?story_fbid=1504539409616416&id=672103292860036.

Myanmar Extractive Industries Transparency Initiative (MEITI). *Myanmar First EITI Report.* Myanmar Extractive Industries Transparency Initiative, 2 January 2016. https://eiti.org/sites/default/files/migrated_files/meiti_reconciliation_report_2013-2014_final_version.pdf.

Myanmar Gems. "Long Wait On for Global Value Add Players to Enter Gem Market." Accessed 16 November 2017. http://www.myanmargems.com/gemmarket.htm.

Myanmar Peace Monitor. "Shan State Progress Party/Shan State Army." Accessed 23 August 2017. http://www.mmpeacemonitor.org/peace-process/ceasefire-terms/167-ssa-n.

Myanmar Peace Monitor. *Deciphering Myanmar's Peace Process:* A Reference Guide. Burma News International, 2014. http://themimu.info/sites/themimu.info/files/documents/report_deciphering_myanmar_peace_process_mar2014.pdf.

Myanmar Peace Monitor. *Economics of Peace and Conflict.* Burma News International, 2013. http://www.burmapartnership.org/wp-content/uploads/2013/10/economics-of-peaceand-conflict-report-english-version.pdf.

Myoe, Maung Aung. *Building the Tatmadaw: Myanmar Armed Forces Since 1948.* Singapore: ISEAS Publishing, 2009. https://www.researchgate.net/profile/maung_myoe/publication/272092747_building_the_tatmadaw/links/54dac5d50cf2ba88a68de69a/building-the-tatmadaw.pdf.

*National Jeweler.* "RJC to Expand Scope to Include Colored Stones." National Jeweler, 22 March 2016. http://www.nationaljeweler.com/diamonds-gems/social-issues/4047-rjc-to-expand-scope-to-include-colored-stones.

Peel, Michael. "Myanmar: The Military-Commercial Complex." *Financial Times,* 2 February 2017. https://www.ft.com/content/c6fe7dce-d26a-11e6-b06b-680c49b4b4c0.

Ross, Michael L. “How Do Natural Resources Influence Civil War? Evidence from Thirteen Cases.” *International Organization* 58, no. 1 (Winter 2004): 35–67.

Ross, Michael L. “Oil, Drugs, and Diamonds: The Varying Roles of Natural Resources in Civil War.” In *The Political Economy of Armed Conflict: Beyond Greed and Grievance,* edited by Karen Ballentine and Jake Sherman, 47–72. Lynne Rienner Publishers, 2003. https://www.sscnet.ucla.edu/polisci/faculty/ross/papers/chapters/oildrugs.pdf.

Ruby Dragon. “Ruby Dragon Jade & Gems.” Accessed 22 August 2017. http://www.rubydragongroup.com/gemstones.html.

*Shan Herald Agency for News.* “Burma Army Orders SSPP/SSA to Withdraw from Monghsu.” *Shan Herald Agency for News,* 19 January 2017. http://english.panglong.org/2017/01/19/burma-army-orders-ssppssa-to-withdraw-from-monghsu.

*Shan Herald Agency for News.* “SSPP/SSA Clash with Burmese Army in Mong Hsu.” *Burma News International,* 26 January 2017. https://www.bnionline.net/news/shan-state/item/2674-sspp-ssa-clash-with-burmese-army-in-mong-hsu.html.

Shigley, James, Dona Dirlam, Brendan Laurs, Edward Boehm, George Bosshart and William Larson. “Gem Localities of the 1990s.” *Gems & Gemology* 36, no. 4 (Winter 2000): 292–335.

Shor, Russell and Robert Weldon. “Ruby and Sapphire Production and Distribution: A Quarter Century of Change.” *Gems & Gemology* 45, no. 4 (Winter 2009): 236–259.

Snyder, Richard. “Does Lootable Wealth Breed Disorder? A Political Economy of Extraction Framework,” Working Paper no. 312. Helen Kellogg Institute for International Studies, 2004. https://www3.nd.edu/~kellogg/publications/workingpapers/wps/312.pdf.

Steinberg, David. “Burma/Myanmar: The Role of the Military in the Economy.” *Burma Economic Watch* 1 (2005). Accessed 22 August 2017. http://www.burmalibrary.org/docs09/steinberg-military-role-in-the-economy.pdf.

Transparency and Accountability Network for Kachin State (TANKS). *Beyond Liability: Preliminary Report on Jade Mining,* n.d.

Union of Myanmar. “Ministry of Natural Resources and Environmental Conservation: Duties.” Accessed 22 August 2017. http://www.mining.gov.mm/mge/1.mge/details.asp?submenuid=17&sid=705.

Union Peacemaking Work Committee (UPWC) and the Restoration Council of Shan State/Shan State Army (RCSS/SSA). “SSA-S Government 12-Point Peace Agreement.” *Myanmar Peace Monitor,* 19 May 2012. http://www.mmpeacemonitor.org/images/pdf/ssa-s-government-19may2012.pdf.

Woods, Kevin. “Ceasefire Capitalism: Military–private Partnerships, Resource Concessions and Military–state Building in the Burma–China Borderlands.” *The Journal of Peasant Studies* 38, no. 4 (1 October 2011): 747–770. doi:10.1080/03066150.2011.607699.

World Bank Justice for the Poor and Network Movement for Justice and Development. *A Simplified Handbook on the Government of Sierra Leone’s New Operational Procedures and Guidelines for the Diamond Area Community Development Fund (DACDF).* Accessed 23 August 2017. http://documents.worldbank.org/curated/en/699581468167370138/pdf/523990bri0p1131oor0simplified0dacdf.pdf.

Zaw, Aung. *Tracking the Tycoons.* Europe Solidaire Sans Frontières, 2008. http://www.europesolidaire.org/spip.php?article11646.

Zaw, Maung. “Supporters of Jailed Mogok Monk Plan Demonstration.” *Myanmar Times,* 1 July 2015. http://www.mmtimes.com/index.php/national-news/15277-supporters-of-jailedmogok-monk-plan-demonstration.html.

Natural Resource Governance Institute

## Natural Resource Governance Institute (NRGI)

လွတ်လပ်ပြီး အကျိုးအမြတ် မရှာဖွေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော သဘာဝ သယံဇာတ အရင်းအမြစ် စီမံခန့်ခွဲမှု အကြံပေးအဖွဲ့ (Natural Resource Governance Institute) သည် ပြည်သူများအား မိမိတိုင်းပြည်မှ ထွက်သော ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုတွင်းထွက်များ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် လက်တွေ့အသုံးချ သုတေသနပြုခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အကြံပေးခြင်းနှင့် စည်းရုံးရေး ပြုလုပ်ပေးခြင်းဖြင့် ကူညီပေးပါသည်။